# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ် (၁၀၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင်အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးပါသောအချိန်ကာလဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကိုများအကြား ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ
(၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ
( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

**ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့ကျရောက်သည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့၏ ထူးမြတ်သည့် အခါသမယတွင် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်စုံကြပါစေကြောင်း ချစ်ကြည်ရင်းနှီးစွာ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှေးနှစ်ပေါင်းများစွာကပင် စည်းလုံးညီညွတ်စွာ အတူတကွ အေးအတူပူအမျှ နေထိုင်လာခဲ့သော မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံးတို့သည် တစ်မြေတည်းနေ တစ်ရေတည်းသောက် ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသည်မှာ ယနေ့ထက်တိုင် ဖြစ်ပါသည်။

တိုင်းရင်းသားမျိုးနွယ်စုများအလိုက် စုစည်းနေထိုင်ရင်း ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံဟူ၍ ထည်ဝါစွာ ရပ်တည်နေထိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❑

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန

*စာမျက်နှာ ၃ ကော်လံ ၁* ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV အား လက်ခံတွေ့ဆုံစဉ်။




# ဆောင်းရာသီကာလ သတိပြုရမည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ

Human Metapneumovirus (HMPV) ခေါ် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်ပိုး ကူးစက်ဖြစ်ပွားမှုများနှင့်ပတ်သက်၍ နိုင်ငံတကာသတင်းမီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြလျက်ရှိရာ မိမိတို့၏ အိမ်နီးချင်းနိုင်ငံအချို့တွင် အဆိုပါရောဂါကူးစက်ပျံ့နှံ့မှု မြင့်တက်လျက်ရှိကြောင်းလည်း သတင်းများတွင်တွေ့ရသည်။ တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်ပွားခဲ့ပြီးနောက် အကြောက်မပြေသေးခင် HMPV ထွက်ပေါ်လာခြင်းနှင့် ၎င်းစတင်သည့်နေရာသည် တရုတ်နိုင်ငံဖြစ်ခြင်းတို့က ကမ္ဘာ့သတင်းမီဒီယာများအတွက် ရေးကွက်ဖြစ်နေပြီး သာသာထိုးထိုး သတင်းတင်ပြပုံမျိုးကလည်း စိုးရိမ်ဖွယ်ရာကို ဖြစ်စေတတ်သည်။

HMPV ဗိုင်းရပ်စ်သည် ယခုမှ ထွက်ပေါ်လာသည့် ဗိုင်းရပ်စ်အသစ်မဟုတ်ဘဲ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်ကပင် အနောက်ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်သည့် နယ်သာလန်နိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ရောဂါပိုး၊ ကမ္ဘာ့နိုင်ငံများစွာတို့တွင် နှစ်စဉ်ဆောင်းရာသီရောက်တိုင်း ကူးစက်မှုများပြားသည့် ရောဂါပိုး၊ မြန်မာနိုင်ငံနှင့်လည်း မစိမ်းဘဲ ၂၀၁၄ ခုနှစ်ကတည်းကပင် သုတေသနပြုစစ်ဆေးတွေ့ရှိထားပြီးဖြစ်သည့် ရောဂါပိုးဖြစ်သည်ဟုသိရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း HMPV ကူးစက်ဖြစ်ပွားမှုများပြားနေကြောင်း နိုင်ငံတကာမီဒီယာများက ဖော်ပြနေကြသည့်တိုင် တရုတ်နိုင်ငံ၏ ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးဗဟိုဌာနမှ သတင်းအချက်အလက်များအရ နှစ်စဉ်ဆောင်းရာသီတွင် ဖြစ်ပွားနေကျအတိုင်း မြင့်တက်ခြင်းသာဖြစ်ပြီး အရေးပေါ်အခြေအနေ မဟုတ်သည့်အပြင် ယမန်နှစ်က ဖြစ်ပွားမှု၏ အရေအတွက်အောက် လျော့နည်းကြောင်းနှင့် ရောဂါပြင်းထန်မှုလည်း နည်းပါးကြောင်း သိရသည်။

သို့ဖြစ်ရာ HMPV သည် စိုးရိမ်ထိတ်လန့်ဖွယ်ရာမဟုတ်ဟုဆိုရမည်ဖြစ်သော်လည်း ကာကွယ်ဆေးမရှိသေးသည့် ရောဂါဖြစ်သည့်အလျောက် ကြိုတင်ကာကွယ်နေထိုင်ခြင်းဖြင့် ရောဂါကူးစက်ခံရခြင်းမှ ရှောင်ရှားကြရမည်ဖြစ်သည်။ HMPV သည် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ တို့ကဲ့သို့ပင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပိုးပင်ဖြစ်ရာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု မြင့်တက်ခဲ့စဉ်က နေထိုင်ခဲ့ကြသည့် နည်းလမ်းများကို ကျင့်သုံးနေထိုင်ခြင်းဖြင့် ရောဂါကူးစက်ခြင်းမှ ကင်းဝေးကြမည်ဖြစ်သည်။ လူထူထူကို ရှောင်ကြဉ်ခြင်း၊ ရောဂါလက္ခဏာပြနေသူများနှင့် ခပ်ခွာခွာနေခြင်း၊ လက်ကိုမကြာမကြာ စနစ်တကျသန့်စင်စွာ ဆေးကြောခြင်း၊ လိုအပ်ပါက ပါးစပ်၊ နှာခေါင်းစည်း (Mask)စနစ်တကျ တပ်ဆင်ခြင်းဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ခြင်းမှ ရှောင်ရှားနိုင်ကြမည်ဖြစ်သည်။ နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြခဲ့သော သတင်းအရ HMPV သည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့၌ နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားမှုရှိခဲ့သည်ကို သုတေသနပြုတွေ့ရှိခဲ့ကြောင်း၊ ၂၀၂၃၊ ၂၀၂၄ ခုနှစ်တို့တွင် ပြုလုပ်ခဲ့သော သုတေသနပြု တွေ့ရှိချက်များအရလည်း ပြင်ပလူနာကုဌာနများသို့ လာရောက်ပြသကုသမှု ခံယူခဲ့ကြသူများတွင် HMPV ကူးစက်မှုတွေ့ရှိခဲ့ကြောင်း၊ သို့ဖြစ်ရာ HMPV သည် ရာသီအလိုက် ကူးစက်ဖြစ်ပွားနေခဲ့ပြီး အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ ပြည်သူများအတွင်း ကိုယ်ခန္ဓာခုခံအားစနစ် ရှိနေပြီးဖြစ်သည်ဟု သုံးသပ်ယူဆနိုင်ကြောင်း သိရသည်။

ကမ္ဘာတစ်လွှား ကူးစက်ရောဂါများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စောင့်ကြပ်ကြည့်ရှုနေသည့်နည်းတူ မိမိတို့နိုင်ငံမှ ကျန်းမာရေးဝန်ကြီးဌာနကလည်း နိုင်ငံတကာ၊ ဒေသတွင်းနှင့် ပြည်တွင်းပြည်ပတို့ကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။ မိမိတို့နိုင်ငံတွင် ယခုအခါ ဆောင်းရာသီကာလ ကျရောက်လျက်ရှိရာ ရာသီတုပ်ကွေးအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ မဖြစ်ပွားရေးအတွက် ပြည်သူတစ်ဦးချင်းစီက ကျန်းမာရေးဗဟုသုတပြည့်ဝစွာ၊ ကျန်းမာရေးသတိ မြင့်မားစွာဖြင့် လိုက်နာကျင့်သုံးနေထိုင်ကြရန် အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့**
**သွေးစည်းညီညီ တွဲလက်ညီမှ**
**ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား**
**တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား**
**ပြည်ထောင်စုရဲ့ နှလုံးသား**

## စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့် ပစ္စည်းများလှူဒါန်းနိုင်ပါကြောင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောက၏ဂုဏ်ကို ညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန် သုံးထပ်(RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်သဖြင့် ယင်းအဆောက်အအုံတွင် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့်ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေဆိုင်ရာ အမွေအနှစ်ရှေးဟောင်းပစ္စည်းတို့ကို အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

(၁) စာကြည့်တိုက်မှူး
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် (ရန်ကုန်)
အမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း၊ ၀၁၈-၃၈၀၄၄၇

(၂) စာကြည့်တိုက်မှူး
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် (မန္တလေး)
အမှတ် (၁၅၉)၊ ၈၆ လမ်း၊ ၂၀ x ၂၂ လမ်းကြား၊
ပုလဲငွေရောင်ရပ်ကွက်၊
အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း၊ ၀၉-၇၉၅၂၇၉၀၂၅

(၃) စာတည်း
စာပေဗိမာန်ရုံးခွဲ၊ နေပြည်တော်ရုံးချုပ်
ရုံးအမှတ် (၇)၊ နေပြည်တော်၊ ဖုန်း၊ ၀၆၇-၃၄၁၂၄၁၀

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

❑ *ရှေ့ဖုံးမှ*

ကချင်ပြည်နယ်ကောင်စီညီလာခံ၏ ပထမဆုံးညီလာခံ၊ ပထမဆုံး အစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ (၁၀) ရက်နေ့ကို **"ကချင်ပြည်နယ်နေ့"** အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၇) နှစ်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကချင်ပြည်နယ်သည် တန်ဖိုးမဖြတ်နိုင်သော သဘာဝအရင်းအမြစ်များထွက်ရှိရာ ပြည်နယ်တစ်ခုဖြစ်သည့်အပြင် အဖိုးတန်ရတနာများ ပေါကြွယ်ဝစွာထွက်ရှိခြင်း၊ တောတောင်ရေမြေ သဘာဝကောင်းများကြောင့် သီးနှံများစိုက်ပျိုးဖြစ်ထွန်းသည့် ရေခံမြေခံကောင်းများရှိခြင်းနှင့် မြန်မာနိုင်ငံ၏ အလှပဆုံးသော ဧရာဝတီမြစ်ကြီးစတင်စီးဆင်းရာ နေရာဖြစ်ခြင်းတို့ကလည်း ပြည်နယ်၏ထူးခြားသော အလှတရားကို ဖော်ပြလျက်ရှိပါသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများ ဖုံးအုပ်လျက်ရှိသည့် ရေခဲတောင်များ၏လှပမှုနှင့် အင်းတော်ကြီးအိုင်၊ မြစ်ဆုံတို့၏ သာယာလှပမှုတို့ကလည်း ပြည်နယ်၏ ထင်ရှားသောသဘာဝအလှအပများပင်ဖြစ်ပါသည်။

ထိုကဲ့သို့သော ထူးခြားလှပသည့် သဘာဝအလှအပများနှင့်အတူ ပြည်နယ်အတွင်း ဂျိန်းဖော့၊ လာချိဒ်၊ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး စသည့် ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းခမ်းတီ၊ တိုင်းဆာ၊ တိုင်းလေ စသည့် ရှမ်းမျိုးနွယ်စုများ၊ ဗမာတိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများအပါအဝင် လူဦးရေ (၁၅) သိန်းကျော် အတူတကွ ချစ်ကြည်ရင်းနှီးစွာဖြင့် နေထိုင်လျက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်နေ့နှင့်အတူ ကချင်ရိုးရာမနောပွဲတော်ကြီးသည်လည်း ခွဲခြားမရနိုင်သော အမှတ်သင်္ကေတတစ်ခုဖြစ်ပါသည်။ မနောပွဲတော်တွင် ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ၊ ရိုးရာအကအလှများကို တည်ငြိမ်လှပကျက်သရေရှိလှသော တိုင်းရင်းသားဝတ်စုံများဖြင့် စုပေါင်းညီညာစွာကပြသည့် မနောအကသည် ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူလူထုများ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ကာ ပြည်နယ်အေးချမ်းသာယာမှုကို ခိုင်မြဲအောင်တည်ဆောက်ထားနိုင်သော ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်သည် သဘာဝကဖန်တီးပေးထားသည့် ရေခံ၊ မြေခံနှင့် သဘာဝအရင်းအမြစ်များကို လက်တွေ့အသုံးချ၍ ပြည်နယ်၏ စီးပွားရေးကဏ္ဍမြင့်တက်လာနိုင်စေရေး ဖော်ဆောင်နိုင်မည့် အခြေခံကောင်းများနှင့် ပြည့်စုံလျက်ရှိနေပါသည်။ ဒေသထွက်ကုန်ကြမ်းများမှတစ်ဆင့် ကုန်ချောအဆင့်သို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသောကာလဖြစ်ပါသည်။ ထို့အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရေးတို့အတွက် ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

◆ **ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိရာ နိုင်ငံရေးအရ တိုင်းရင်းသားရေးအရ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ လျော့နည်းပပျောက်စေပြီး ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်**

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောသည့်အနာဂတ်ကို ရည်မှန်းလျက်ကောင်းမွန်သည့် ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိသောကြောင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် အခြားသော ကဏ္ဍများတွင် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိရေးကို ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် မျှတမှန်ကန်စွာခွဲဝေသုံးစွဲနိုင်မည့် စီးပွားရေးမူဘောင်များချမှတ်ဆောင်ရွက်ရန်နှင့် စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း အလေးထားလုပ်ဆောင်ကြရန် လိုအပ်ပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ အောင်မြင်စေရန်အတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် ကုန်ကြမ်းပစ္စည်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် နည်းပညာပိုင်းဆိုင်ရာများကို ဟန်ချက်ညီညီ ပြည့်စုံစွာရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဖော်ဆောင်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပဓာနကျသော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးကို နိုင်ငံသူနိုင်ငံသားများအားလုံးက အစိုးရ၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိရာ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ လျော့နည်းပပျောက်စေပြီး ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးပါသောအချိန်ကာလဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကိုများအကြား ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံအကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းလိုပါသည်။

ယနေ့ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များကြောင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် လုံခြုံမှုနှင့်တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ကာ ဆင်းရဲဒုက္ခများစွာကြုံတွေ့နေကြရပါသည်။ ထိုကဲ့သို့သော ပြည်တွင်းပြည်ပဃောဂများကြောင့် ဆင်ခြင်တွေးတောမှုကင်းမဲ့ကာ နိုင်ငံနှင့်လူမျိုးအကျိုးကို ဖျက်ဆီးနေကြသည့် လုပ်ရပ်များကို ရပ်တန့်စေပြီး မိမိတို့ တိုင်းရင်းသားမျိုးနွယ်စုအားလုံးနှင့် ဗလငါးတန်ပြည့်ဝသည့် လူငယ်များအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ငြိမ်းချမ်းသာယာသော ပြည်ထောင်စုကြီးကို လက်တွဲညီညီ စည်းလုံးညီညွတ်စွာ တည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ကချင်ပြည်နယ်မှ မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးပြီး အမျိုးသားရေးစိတ်ဓာတ်မြင့်မားသည့် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်းအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ငြိမ်းချမ်းရေးအခြေခံအုတ်မြစ်တည်ဆောက်ရာတွင် မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပိုင်းဝန်းပါဝင်ကြိုးပမ်း တည်ဆောက်သွားကြရန် အလေးအနက်ထားတိုက်တွန်းရင်း (၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ ဤဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

❍ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဟန်ဂျီးဖြိုးအခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU၊ ဘယ်လာရုစ်နိုင်ငံ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

❖ **နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုများမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာပညာတော်သင်များ စေလွှတ်နိုင်ရေးကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး**

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာတော်သင်များ စေလွှတ်နိုင်ရေးကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အတတ်နိုင်ဆုံး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံအခမ်းအနားမှတ်တမ်းမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဇန်နဝါရီ ၉**

ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတကာသံရုံးများမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပညာရေးမှူးများ၊ ပါမောက္ခများ၊ ပညာရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ စာတမ်းရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ညီလာခံအခမ်းအနားမုခ်ဦးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက "မင်္ဂလာပါ" သီချင်းဖြင့် နှုတ်ခွန်းဆက် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာဆီမီးတိုင်ကို စက်ခလုတ်နှိပ်၍ ထွန်းညှိပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတစ်ခုကို အဓိကဖန်တီးပုံဖော်ကြသူများသည် ယင်းနိုင်ငံ၏ နိုင်ငံသားများပင်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အသိပညာ အတတ်ပညာ ပြည့်စုံသည့်၊ စဉ်းစားတွေးခေါ်မှုမြင့်မားသည့် နိုင်ငံသားများပေါ်များရေးကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ **"ပညာ"** သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"** ကို ရရှိစေကြောင်း၊ နိုင်ငံသားတိုင်း **"အသိဉာဏ်ပညာ"** ပြည့်စုံကြမှသာ နိုင်ငံအကျိုးသယ်ပိုးထမ်းရွက်နိုင်မည့် စွမ်းအားထက်မြက်သည့် အင်အားစုကြီးတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

### များစွာအထောက်အကူပြုမည်

ပညာသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးအသိပညာအတတ်ပညာမြင့်မားတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာရေးသည် အရေးကြီးကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်အားပေးဆောင်ရွက်လျက်ရှိရာတွင် ယခုကျင်းပသည့် နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသန ညီလာခံကလည်း များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း။

ညီလာခံဦးတည်ချက်ကို **"ပညာရေး၊ သိပ္ပံနှင့်နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသောလူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်သို့ ညွှန်ပြခြင်း - Navigating the Future: Education, Science and Technology for Brighter and More Prosperous Societies."** ဟု သတ်မှတ်ထားသည်ကို တွေ့ရကြောင်း၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာဟူသည့် ကဏ္ဍသုံးရပ်သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်လျက်ရှိပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှုများဖြင့် ပေါင်းစည်းလိုက်သည့်အခါ လူ့ဘောင်အဖွဲ့အစည်း ကြီးပွားတိုးတက်ရေးကို ဖန်တီးပေးနိုင်မည့် ထိရောက်အားကောင်းသည့် စွမ်းအားတစ်ရပ်ကို ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း။

### တီထွင်ဆန်းသစ်မှုအသစ်များကိုဖော်ထုတ်

သုတေသနဟူသည့် ဝေါဟာရသည် **"သုတ"** နှင့် **"ဒေသန"** တို့ကို ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း၊ **"သုတ"** ဟူသည်မှာ အကြားအမြင်ဖြစ်ပြီး **"ဒေသန"** သည် ရှာမှီးခြင်းဖြစ်သည့်အတွက် **"သုတေသန"**ကို မြန်မာအဘိဓာန်တွင် **"တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရန် စူးစမ်းရှာဖွေခြင်း"**ဟု ဖွင့်ဆိုထားကြောင်း၊ သုတေသနက ဗဟုသုတအသစ်များ၊ တွေ့ရှိချက်အသစ်များ၊ တီထွင်ဆန်းသစ်မှုအသစ်များကို ဖော်ထုတ်ပေးနိုင်ကြောင်း၊ လက်ရှိအယူအဆများကို သက်သေစိုက်ထူ ခိုင်မာစေနိုင်ကြောင်း၊ လက်တွေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ပြဿနာများကို ဖြေရှင်းပေးနိုင်ပြီး ပညာရပ်ဆိုင်ရာ အသိအမြင်များကို ပိုမိုတိုးတက်မြင့်မားလာစေနိုင်ကြောင်း၊ ထို့ကြောင့် သုတေသနဟူသည်မှာ ဆန်းသစ်တီထွင်မှုနှင့် တိုးတက်မှုတို့ကို တွန်းအားပေးနိုင်စွမ်းရှိသည့် မောင်းနှင်အားတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ကြောင်း။

သုတေသနလုပ်ငန်းများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် နည်းပညာသစ်များဖော်ထုတ်ပြီး ဈေးကွက်သစ်များ ချဲ့ထွင်နိုင်မည်ဖြစ်သကဲ့သို့ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအတွက် ကျွမ်းကျင်မှုအရည်အသွေးများနှင့် ပြည့်စုံသည့် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် သုတေသန နိုင်ငံတကာညီလာခံကြီးမှ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုတံခါးသစ်ကို ဖွင့်လှစ်ပေးသွားလိမ့်မည်ဟု ယုံကြည်ကြောင်း။

### အတတ်ပညာရှင်များ လိုအပ်မည်

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအတွက် ဦးတည်ချက်ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္ဘဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဝမ္ဘဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

*စာမျက်နှာ ၄ မှ*

ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ခရိုင်အသီးသီးတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာများကို သင်ကြားပေးနေသည့် အခြေခံပညာအထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး KG+9 ပြီးမြောက်အောင်မြင်သူများ တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်စွာအောင်မြင်ပါက သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် ပညာရှင်များစွာ လိုအပ်လျက်ရှိနေဆဲဖြစ်သောကြောင့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်မည်**

ကုန်ထုတ်လုပ်မှုမြင့်မားစေရေးကို အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး အားပေးရမည်ဖြစ်ကြောင်း၊ သုတေသနတွေ့ရှိချက်များမှတစ်ဆင့် ထုတ်ကုန်အသစ်ထုတ်လုပ်နိုင်မည့် နည်းပညာအသစ်များကို စက်မှုလုပ်ငန်းများသို့အရောက် နည်းပညာလွှဲပြောင်းပေးခြင်းနှင့် သုတေသနတွေ့ရှိချက်အသစ်များကို လိုအပ်သည့်အဖွဲ့အစည်းများထံ အသိပညာဗဟုသုတ မျှဝေပေးခြင်း ပြုလုပ်နိုင်ပါက နိုင်ငံ့စီးပွားကို အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာအောင် ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

**❑ ယခုကဲ့သို့ ညီလာခံကြီးများမှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး အသိပညာများ၊ အကြံကောင်းဉာဏ်ကောင်းများ မျှဝေပေးကြရန်၊ ဘာသာရပ်တူသူများ၊ စိတ်ဝင်စားရာ ပညာရပ်နယ်ပယ်တူသူများ၊ ရည်မှန်းချက်တူသူများအချင်းချင်း သုတေသနပရောဂျက်များ ပူးပေါင်းဆောင်ရွက်ပြီး ရလဒ်ကောင်းများ ရှာဖွေဖော်ထုတ်ပေးကြရန်၊ သင်ထောက်ကူပစ္စည်းများ၊ သင်ကြားနည်းစနစ်များမျှဝေပေးခြင်း၊ online သင်တန်းများ ပို့ချခြင်းတို့နှင့် သင်ကြားရေးဆိုင်ရာရင်းမြစ်များ တိုးတက်ရေးအတွက် ဖန်တီးပေးကြရန် တိုက်တွန်းပြောကြားလို**

**စာတမ်းပေါင်း ၁၀၀ ကျော် ဖတ်ကြားတင်သွင်း**

ယနေ့ကျင်းပသည့် ပညာရေးဆိုင်ရာ အသုံးချသုတေသနနိုင်ငံတကာညီလာခံ (၂၀၂၅)တွင် ပြည်တွင်း ပြည်ပမှ ပညာရပ်ဆိုင်ရာထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များနှင့် သုတေသနပညာရှင်ကြီးများက Keynote Speech များနှင့် ပညာဗဟုသုတ မျှဝေပေးကြပြီး ဆရာအတတ်ပညာကဏ္ဍ၊ ဝိဇ္ဇာနှင့်သိပ္ပံပညာကဏ္ဍ၊ သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံကဏ္ဍ၊ MSME နှင့် TVET ကဏ္ဍ၊ Natural Language Processing – NLP နှင့် AI Technology ကဏ္ဍစသည့် ကဏ္ဍကြီး(၅)ရပ်တွင် စာတမ်းပေါင်း ၁၀၀ ကျော် ဖတ်ကြားတင်သွင်းဆွေးနွေးသွားကြမည်ဟု သိရှိရကြောင်း၊ ထို့အပြင် သုတေသနပိုစတာပြပွဲများနှင့် အားဖြည့်ထားသည့်အတွက် နိုင်ငံတကာသုသေသန လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုခြေလှမ်းအတွက် အားရဂုဏ်ယူကြောင်းကို ပြောကြားလိုကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည် ဆက်စပ်နေသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် သုတေသနလုပ်ငန်းများကို အထူးအားပေးသွားကြရမည်ဖြစ်ကြောင်း။

**နိုင်ငံတကာအသိအမှတ်ပြုစာတမ်းများဖြစ်**

ယခု သုတေသနညီလာခံကြီးတွင် ရွေးချယ်ခံရသဖြင့် တင်သွင်းသည့် သုတေသနစာတမ်းများသည် ပညာရှင်အဆင့် စာတမ်းများဖြစ်သည်နှင့်အညီ ကမ္ဘာက အားကိုးအားထားပြုရသည့် နိုင်ငံတကာ အသိအမှတ်ပြုစာတမ်းများဖြစ်ကြောင်း သိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

**ပညာရှင်ကြီးများကို နွေးထွေးစွာ ဂုဏ်ပြုကြိုဆို**

ယခုညီလာခံကြီးကို တက်ရောက်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက ရောက်ရှိလာကြသည့် နိုင်ငံတကာ သုတေသနပညာရှင်ကြီးများနှင့် အွန်လိုင်းက တက်ရောက်ဆွေးနွေးကြသည့် ပညာရှင်ကြီးများကို နွေးထွေးစွာ ဂုဏ်ပြုကြိုဆိုပါကြောင်း ပြောကြားလိုကြောင်း၊ ပညာရှင်ကြီးများ၏ပါဝင်မှုသည် ညီလာခံကြီး၏ကြီးကျယ်ခမ်းနားမှုကိုထပ်လောင်းအားကောင်းစေမည်ဟုယုံကြည်ပါကြောင်း၊ ပညာရှင်ကြီးများ၏ ကျွမ်းကျင်မှုပညာနှင့် သုတေသနစာတမ်းများ ဖတ်ကြားမှု၊ အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ပေးမှုနှင့် သုတေသနညီလာခံမှတ်တမ်းစာအုပ်များ တည်းဖြတ်ပေးမှုတို့သည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၏ ပုံရိပ်ကောင်းတစ်ခုဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အပြင် နိုင်ငံတကာသုတေသနညီလာခံကြီးကို အစစအရာရာ အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့ကြသည့် ညီလာခံကျင်းပရေးကော်မတီ၏ လုံ့လဝီရိယနှင့် ကြိုးစားအားထုတ်မှုများကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

ယခုကဲ့သို့ညီလာခံကြီးများမှတစ်ဆင့် တစ်ဦးနှင့် တစ်ဦး အသိပညာများ၊ အကြံကောင်းဉာဏ်ကောင်းများ မျှဝေပေးကြရန်၊ ဘာသာရပ်တူသူများ၊ စိတ်ဝင်စားရာ ပညာရပ်နယ်ပယ်တူသူများ၊ ရည်မှန်းချက်တူသူများအချင်းချင်း သုတေသနပရောဂျက်များ ပူးပေါင်းဆောင်ရွက်ပြီး ရလဒ်ကောင်းများရှာဖွေဖော်ထုတ်ပေးကြရန်၊ သင်ထောက်ကူပစ္စည်းများ၊ သင်ကြားနည်းစနစ်များမျှဝေပေးခြင်း၊ online သင်တန်းများ ပို့ချခြင်းတို့နှင့် သင်ကြားရေးဆိုင်ရာ

*စာမျက်နှာ ၆ သို့*

## ❖ ညီလာခံတွင် နိုင်ငံတကာမှ ဝါရင့်ပညာရှင်များနှင့် ပညာရှင်မျိုးဆက်သစ်များ ပါဝင်ကြပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၄၅ ခုမှ ပညာရှင် ၆၂ ဦး၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုနှင့် ပညာရေးအဖွဲ့အစည်းများမှ ပြည်တွင်း၊ ပြည်ပပညာရှင် ၄၀ တို့ တက်ရောက်ကြမည်ဖြစ်ကာ Keynote Address ခြောက်ခု၊ Special Talk ငါးခုနှင့် ပြည်တွင်း ပြည်ပသုတေသနစာတမ်း ၁၃၃ စောင် ဖတ်ကြားတင်သွင်းသွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

*စာမျက်နှာ ၅ မှ*

ရင်းမြစ်များ တိုးတက်ရေးအတွက် ဖန်တီးပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အထူးသဖြင့် အရာရာကို လေ့လာစူးစမ်းပြီး ရလဒ်အပေါ် အခြေခံသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လိုကြသည့် လူငယ်လူရွယ်များအတွက် ယခုကဲ့သို့ သုတေသနညီလာခံများ ကျင်းပပေးခြင်းဖြင့် လူငယ်များ၏ စူးစမ်းလေ့လာသုတေသနပြုလိုသည့် သုတေသနယဉ်ကျေးမှုကို ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းလိုကြောင်း။

**နိုင်ငံအကျိုး၊ ဒေသအကျိုး သယ်ပိုးထမ်းရွက်**

ပညာရေး၊ သိပ္ပံနှင့် နည်းပညာများ၏ စွမ်းပကားများနှင့် နောင်လာနောက်သား မျိုးဆက်တို့အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး တိုးတက်ကောင်းမွန်သည့် လူမှုစီးပွားဘဝနှင့်အတူ ပိုမိုတောက်ပသည့် အနာဂတ်ကို လက်ဆင့်ကမ်းပေးပြီး နိုင်ငံအကျိုး၊ ဒေသအကျိုး သယ်ပိုးထမ်းရွက်နိုင်ကြပါစေကြောင်းကို ဆုတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများက ပညာရေးဆိုင်ရာအသုံးချသုတေသနနိုင်ငံတကာညီလာခံ (၂၀၂၅) ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ပိုစတာပြခန်းအား လိုက်လံကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) အထိမ်းအမှတ် ပိုစတာပြခန်းအား တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုခဲ့ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) အထိမ်းအမှတ် ပိုစတာပြခန်းကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုစဉ်။

အဆိုပါ ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) ကို **“ပညာရေး၊ သိပ္ပံနှင့် နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်သို့ညွှန်ပြခြင်း”** ဟူသည့် ဦးတည်ချက်နှင့်အညီ ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ညီလာခံတွင် နိုင်ငံတကာမှ ဝါရင့်ပညာရှင်များနှင့် ပညာရှင်မျိုးဆက်သစ်များပါဝင်ကြပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၄၅ ခုမှ ပညာရှင် ၆၂ ဦး၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုနှင့် ပညာရေးအဖွဲ့အစည်းများမှ ပြည်တွင်း၊ ပြည်ပပညာရှင် ၄၀ တို့ တက်ရောက်ကြမည်ဖြစ်ကာ Keynote Address ခြောက်ခု၊ Special Talk ငါးခုနှင့် ပြည်တွင်း ပြည်ပသုတေသနစာတမ်း ၁၃၃ စောင် ဖတ်ကြားတင်သွင်းသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ညီလာခံကြီးကို ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးနှင့်တိုင်းပြည်ကောင်းမွန်တိုးတက်စေရေး၊ နိုင်ငံတော်နှင့်ဒေသတွင်းနိုင်ငံများ၏ နိုင်ငံ့စီးပွားမြင့်တင်နိုင်ရေး၊ လူမှုစီးပွားဘဝ မြင့်မားလာစေရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၉

**၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကာတာနိုင်ငံ အကြီးအကဲ ရှိတ် တမင်း(မ်) ဘင် ဟမက် အယ် တာနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

အဆွေတော်နိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် မိမိနှင့် ကာတာနိုင်ငံ ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကာတာနိုင်ငံ ဒုတိယအကြီးအကဲ ရှိတ် အဗ္ဗဒူလာ ဘင် ဟမက် အယ် တာနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

အဆွေတော်နိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် အဆွေတော် ကျန်းမာချမ်းသာပါစေကြောင်းနှင့် ချစ်ခင်ဖော်ရွေသော မြန်မာပြည်သူပြည်သားများ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင်မြင်ပါစေကြောင်း ဝမ်းမြောက်စွာဆုမွန်ကောင်း ပို့သအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကာတာနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ် မိုဟာမက် ဘင် အဗ္ဗဒူရာမန် ဘင် ဂျက်ဆင် အယ် တာနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

အဆွေတော်နိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ကာတာနိုင်ငံ အစိုးရကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဝမ်းမြောက်စွာဆုမွန်ကောင်း ပို့သအပ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၉

**၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့လျက်ရှိရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ ကာတာနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ် မိုဟာမက် ဘင် အဗ္ဗဒူရာမန် ဘင် ဂျက်ဆင် အယ် တာနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ကာတာနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ် မိုဟာမက် ဘင် အဗ္ဗဒူရာမန် ဘင် ဂျက်ဆင် အယ် တာနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုပါကြောင်း နှုတ်ခွန်းဆက်သခွင့်ရရှိသည့်အတွက် ဝမ်းမြောက်မိပါသည်။

အခွင့်အခါကြုံခိုက် မြန်မာနှင့် ကာတာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ထပ်လောင်းအတည်ပြုရင်း နှစ်နိုင်ငံလက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကဏ္ဍပေါင်းစုံတွင် အပြန်အလှန်အကျိုးစီးပွားကို မြှင့်တင်နိုင်ပြီး နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော် ကျန်းမာချမ်းသာပြီး မြန်မာပြည်သူများလည်း အစဉ်တိုးတက်အောင်မြင်ကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅)တွင် Keynote Address ပြောကြား

**နေပြည်တော် ဇန်နဝါရီ ၉**

ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ကို ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက Keynote Address ပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး က ပြောကြားရာတွင် မျက်မှောက်ကမ္ဘာ့ပညာရေး နယ်ပယ်တွင် လက်တွေ့ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုအသစ်များ၊ တွေ့ရှိချက်အသစ်များ၊ နည်းစနစ်အသစ်များကို သိရှိခွင့်ဆွေးနွေးခွင့်ရကြမည်ဖြစ်ပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံရှိ တက္ကသိုလ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ သုတေသနစွမ်းရည်ကို တိုးတက်မြင့်မားလာစေမည့်အပြင် New generation ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် ခေတ်မီနည်းပညာနှင့် အသိပညာ ဖလှယ်မှုအတွက် သိသာထင်ရှားသည့် ပံ့ပိုးကူညီမှုများရရှိကြပြီး မိမိတို့ပြုလုပ်နေကြသည့် ပါရဂူကျမ်းများအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

ထို့ပြင် သုတေသနညီလာခံကို တက်ရောက်လာသည့် နိုင်ငံတကာမှ သုတေသနပညာရှင်များနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များရှိ သုတေသနပညာရှင်များအကြား သုတေသနဆိုင်ရာ အတွေ့အကြုံ၊ နည်းလမ်းနှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ဆွေးနွေးနိုင်ပြီး အမြင်ချင်းဖလှယ်နိုင်မည်ဖြစ်သည့်အပြင် မိတ်ဖက်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကိုပါ တိုးမြှင့်စေမည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများမှ ပညာရေးနယ်ပယ်အလိုက် ကျွမ်းကျင်သူများနှင့် နိုင်ငံတကာပညာရေးနယ်ပယ်အလိုက် ကျွမ်းကျင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာ ညီလာခံ (၂၀၂၅) [International Conference on Applied Research in Education(2025)] မှ မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးနှင့် တိုင်းပြည်ကောင်းမွန် တိုးတက်စေရေး၊ နိုင်ငံတော်နှင့် ဒေသတွင်းနိုင်ငံများ၏ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ လူမှုစီးပွားဘဝ မြင့်မားလာစေရေးတို့အတွက် များစွာအကျိုးရှိမည်ဟု ယုံကြည်မိပါကြောင်း ပြောကြားသည်။




ထို့နောက် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ အရှေ့တောင်အာရှပညာရေး ဝန်ကြီးများအဖွဲ့ ဆီမီယိုအတွင်းရေးမှူးချုပ်ရုံးနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပညာရေးဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားကြသည်။

ယင်းနောက် ကမ္ဘောဒီးယား၊ ဂျပန်၊ မြန်မာ၊ ဖိလစ်ပိုင်နိုင်ငံတို့မှ ပညာရှင်များက Keynote Address ပြောကြားကြပြီး တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်းနိုင်ငံတို့မှ ပညာရှင်များက Special Talk များ ပြောကြားကြသည်။

အဆိုပါ ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာ ညီလာခံသို့ ဝါရင့်ပညာရှင်များနှင့် ပညာရှင်မျိုးဆက်သစ်များ စုံလင်စွာပါဝင်ကြပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၄၅ ခုမှ နိုင်ငံတကာပညာရှင် ၆၂ ဦး၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုမှ ပြည်တွင်း၊ ပြည်ပပညာရှင် ၄၀ တို့ တက်ရောက်ကြပြီး Keynote Address ခြောက်ခု၊ Special Talk ငါးခုနှင့် ပြည်တွင်း ပြည်ပ သုတေသနစာတမ်း ၁၃၃ စောင် ဖတ်ကြား တင်သွင်းကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲအား ရိုးရာအစဉ်အလာနှင့်အညီ စုပေါင်းဆင်နွှဲ၊ ရောဝတီရှုခင်းသာအပန်းဖြေစခန်းနှင့် ယဉ်ကျေးမှုပြတိုက် (မြစ်ကြီးနား) အဆောက်အအုံသစ် ဖွင့်လှစ်ပေး



**မြစ်ကြီးနား ဇန်နဝါရီ ၉**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မြစ်ကြီးနားမြို့ ရောဝတီရှုခင်းသာ အပန်းဖြေစခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက အဆိုပါစခန်းနေရာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း နှင့် ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးဉာဏ်ထွန်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေး၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ရောဝတီရှုခင်းသာ အပန်းဖြေစခန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး မုခ်ဦးကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ဝဲပုံ)** စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အပန်းဖြေစခန်း အတွင်းရှိ ကျောက်လုံးရင်ပြင်၊ ရိုးရာတဲအိမ် အဆောက်အအုံများ၊ ဝါးတံတား၊ ပန်းခင်းများဖြင့် ပုံဖော်ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးလေ့ကျင့်ခန်း စုပေါင်းဆောင်ရွက်နေမှုနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ ရိုးရာတေးသီချင်း သရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြကာ ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ စီတာပူ မနောကွင်းအတွင်း (၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သည့် (၇၇) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး မနောပွဲတော် အခမ်းအနားကို ရိုးရာအစဉ်အလာနှင့်အညီ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တကွ ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက မနောအက ဦးဆောင်သူ နောင်ရှောင် (Nau Shawng) များ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအားလုံးတို့၏ စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသသည့် မနောအကကို ရိုးရာအစဉ်အလာနှင့်အညီ တပျော်တပါး စုပေါင်းဆင်နွှဲကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပြသထားသည့် ဒေသထွက် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ၊ အသုံးအဆောင်နှင့် အသင့်စားစားသောက်ကုန်ပစ္စည်းများ၊ ရိုးရာအဝတ်အထည် ထုတ်ကုန်များ၊ ဝါးနှင့် ကြိမ်ထည် အသုံးအဆောင်ပစ္စည်းထုတ်ကုန်ပြခန်း၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်းနှင့် ပညာရေးပြခန်းတို့ကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များက ဟင်းရွက်ပြိုင်ပွဲ၊ အသီးနှင့် အသီးပါ အပင်ပြိုင်ပွဲ၊ ဥယျာဉ်ခြံ သီးနှံပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် တောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ကချင်ပြည်နယ် ယဉ်ကျေးမှုပြတိုက် အဆောင်သစ် ပထမအဆင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြတိုက်အဆောက်အအုံသစ်ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ့တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ယာပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြတိုက်အဆောက်အအုံသစ် တိုးချဲ့တည်ဆောက်ခြင်းနှင့် ပြခန်း၊ ပြကွက်များ ထည့်သွင်း ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဦးစီးမှူးတို့က ပြတိုက်ပထမအဆင့်တွင် ခင်းကျင်းပြသထားသည့် ကချင်ပြည်နယ် မိတ်ဆက်ပြခန်း၊ Digital Museum ပြကွက်များကိုလည်းကောင်း ရှင်းလင်းပြသပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ယဉ်ကျေးမှုပြတိုက် တိုးချဲ့အဆောက်အအုံသစ်သည် အလျား ပေ ၆၀၊ အနံပေ ၁၂၀၊ အမြင့် ၃၂ ပေရှိ RC နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေကျပ်သန်း ၉၉၄ ဒသမ ၈၈၀ ဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ရေး ဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယမန်နေ့ မွန်းလွဲပိုင်းက (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်ရန် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ရင်းနှီးပျူငှာစွာ ကြိုဆိုခဲ့ကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များအား ကချင်ရိုးရာအင်္ကျီ၊ ရိုးရာဆောင်ဓား၊ ရိုးရာလွယ်အိတ်နှင့် ခေါင်းပေါင်းတို့ကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် ပြည်ထောင်စုဝန်ကြီးများ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၉

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ အကြား ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာရည်ရွယ်သည့် စာလွှာ လက်မှတ်ရေးထိုးရေးကိစ္စ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာများနှင့် ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်များဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နို့ထွက်ပစ္စည်းကဏ္ဍ၊ တန်ဖိုးမြှင့် လူသုံးကုန်၊ စားကုန်ထုတ်လုပ်ရေးကဏ္ဍ၊ လျှပ်စစ်၊ စက်မှု၊ မော်တော်ယာဉ်ထုတ်လုပ်ရေး ကဏ္ဍနှင့် ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်း ထုတ်လုပ်ရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ဘယ်လာရုစ်နိုင်ငံအနေဖြင့် ကုန်သွယ်ရေးမူဝါဒများ ကျင့်သုံးရာတွင် နှစ်ဖက်အပြန်အလှန်အကျိုးရှိသော ကုန်သွယ်၊ စီးပွားမူဝါဒများကို ကျင့်သုံးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၌ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ သဘာဝဓာတ်ငွေ့မှ ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ ထုတ်လုပ်ရာတွင် လူသုံးဆေးဝါးအပြင် တိရစ္ဆာန်ကုသရေးဆိုင်ရာ ဆေးဝါးများ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ မြန်မာ - ဘယ်လာရုစ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ အစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် နည်းပညာများ လွှဲပြောင်းနိုင်ရေးအတွက် သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရန် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့် စာလွှာကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဒမစ်ထရီမီရှုန်ချစ်ခ်တို့က လက်မှတ်တို (Initial)ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် General Detnitit Luangngamkum ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံရှိ အထင်ကရနေရာများ လှည့်လည်ကြည့်ရှုလေ့လာ



**နေပြည်တော် ဇန်နဝါရီ ၉**

ထိုင်းနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် General Detnitit Luangngamkum ဦးဆောင်သည့် ထိုင်းနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့သည် လေ့လာရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၆ ရက်က ရောက်ရှိခဲ့ကြသည်။

အဆိုပါ ထိုင်းနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း ဇန်နဝါရီ ၆ ရက်က ရန်ကုန်မြို့ရှိ မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာသို့ သွားရောက် လေ့လာခဲ့ကြပြီး ဗိုလ်တထောင်ဘုရားနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ထိုင်းနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၇ ရက်က နေပြည်တော်၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး၍ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုပြီး ဇန်နဝါရီ ၈ ရက်က မန္တလေးမြို့ရှိ ဈေးချိုနှင့် မန္တလေးတောင်သို့ လည်းကောင်း၊ ဇန်နဝါရီ ၉ ရက်တွင် မြနန်းစံကျော်ရွှေနန်းတော်သို့ လည်းကောင်းသွားရောက်လေ့လာပြီး မန္တလေးမြို့မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ် ပေါစံခေါ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားများ ဖောက်လုပ်ပြီးစီးမှုစစ်ဆေး



**ပျဉ်းမနား ဇန်နဝါရီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် ပေါစံခေါ်ကျေးရွာ ကျေးလက် ကုန်ထုတ်လမ်းနှင့် တံတားများ ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆေးစစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဒေါ်မီမီထွေး၊ နေပြည်တိုင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရန်မျိုးနိုင်၊ ပျဉ်းမနား ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ပေါစံခေါ်ကျေးရွာတွင် အရှည် ၃၇၉၉ ပေ၊ အကျယ် ၁၂ ပေ၊ ဒုမြေသား နှစ်ပေ ဂျင်း ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းမြေသား+ရိုစာခင်းခြင်း လုပ်ငန်းနှင့် ၎င်းလမ်းပေါ် Slabc-ulvert နှစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးက တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ တင်ပြချက်များအပေါ် အလေးထား ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ပေါစံခေါ်ကျေးရွာတွင် အဆိုပါ ကုန်ထုတ်လမ်းနှင့် တံတားများ တည်ဆောက်ခြင်း လုပ်ငန်းများကို သဘာဝဘေး နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၅၅၆ သန်းဖြင့် ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာ ပံ့ပိုးမှု / အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီကြောင်း သိရသည်။

**မောင်ခိုင်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ် ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၉

**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RYZHENKOV တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်သည်။** (ယာပုံ)



ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ် သံအမတ်ကြီး ဘယ်လာရုစ် စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဘယ်လာရုစ် တက္ကသိုလ်၏ ဒုတိယပါမောက္ခချုပ်နှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ - ဘယ်လာရုစ်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၂၅) နှစ် ပြည့်မြောက်ခဲ့သည့် အခါသမယ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်များတွင် အောင်မြင်မှုများ ရရှိခဲ့သည့်အခြေအနေ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ပညာရေးနှင့် ကာကွယ်ရေးကဏ္ဍများ အပါအဝင် နှစ်နိုင်ငံပြည်သူ အချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ကချင်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ရှိ အမှတ်(၁) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကချင်ပြည်နယ် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနရုံးနှင့် သင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒ(၄)ရပ်ဖြစ်သည့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသနေတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စသည့်မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၍ တည်ငြိမ်အေးချမ်းရေးကို ဦးစားပေး တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် အစဉ်အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် ရာသီသီးနှံ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာရပ်ကွက်အတွင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်းအုတ်ခြံစည်းရိုးဆောင်ရွက်ထားရှိမှုနှင့် ကွန်ကရစ်လမ်းဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာလိုင်းခန်းများအခြေအနေနှင့် ရာသီသီးနှံ စိုက်ပျိုးထားရှိမှုများကို လည်းကောင်း၊ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် ရာသီသီးနှံ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ ကျောင်းဝင်းအတွင်း တည်ဆောက်လျက်ရှိသည့် ခန်းမဆောင်ဆောက်လုပ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများနှင့် ရာသီသီးနှံ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သမဝါယမအသင်းသားများ၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**ကျိုက်မရော ဇန်နဝါရီ ၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရန်မျိုးအောင်ရပ်ကွက်ရှိ ကျိုက်မရော မြို့မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်း လီမိတက်မှ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသားများ၏ အသားတိုးဝက်မွေးမြူရေး လုပ်ငန်းဆောင်ရွက်မှုကို ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၈ ရက်က ဝက်မွေးမြူရေးခြံများသို့ ကွင်းဆင်းကြည့်ရှုပြီး အသင်းအမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံ၍ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည်များအပေါ် ဆွေးနွေးညှိနှိုင်းသည်။



အဆိုပါ အသင်းလီမိတက်အနေဖြင့် အသင်းသား ၂၇ ဦးရှိပြီး အသားတိုးဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် မျိုးဝက်၊ အသားတိုးဝက်မျိုးနှင့် ဝက်သိုးကောင်ရေ ၃၆၇ အတွက် ပြည်နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးငွေကျပ် ၁၃၂ ဒသမ ၃၅ သန်းကိုရယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စလင်းမြို့နယ် ကူတိုကျေးရွာ၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**စလင်း ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကူတိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ကျောင်းတွင်းအားကစားနှင့် ဘက်စုံဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကူတိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကော်မတီ ဦးဟန်ထွေးနှင့် ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်ဖွဲ့တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆရာကြီး ဦးခင်မောင်ဌေးက ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ကျင်းပခဲ့သည့် ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ကာယစွမ်းရည်ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲ၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကျောင်းတွင်းပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ ကြိုးစားမှုဖြင့် ဆုပေါင်း ၁၁၀ ကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြစ်ကြီးနားမြို့ လူထုအခြေပြုဗဟိုဌာန၌ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ အရာထမ်း / အမှုထမ်းများနှင့် တွေ့ဆုံ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြစ်ကြီးနားမြို့၌ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိအရာထမ်း / အမှုထမ်းများနှင့် ဇန်နဝါရီ ၈ ရက်က မြစ်ကြီးနားလူထုအခြေပြုဗဟိုဌာန(Community Centre)၌ တွေ့ဆုံသည်။(ယာပုံ)

ဦးစွာ မြစ်ကြီးနားလူထုအခြေပြုဗဟိုဌာနရှိ ဌာနေတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ ကလေးစာဖတ်ခန်းအတွင်း ကလေးဖတ်စာအုပ်/ စာစောင်များ စုဆောင်းပြသ၊ ငှားရမ်းနိုင်မှု၊ ဒုတိယထပ်ရှိ ပြည်သူ့စာကြည့်တိုက်အတွင်း သုတ / ရသစာအုပ်စာစောင်များ စင်ဖွင့်စနစ်ဖြင့် စာငှားဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးနိုင်မှု၊ စာအုပ်/ စာစောင်များ ဝယ်ယူလက်ခံရရှိမှု၊ တတိယ ထပ်ရှိ ဘက်စုံသုံးခန်းမ၌ ဒေသခံများအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာငှားဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် ပြည်သူများ အသိပညာကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် အစည်းအဝေးခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများ အရာထမ်း / အမှုထမ်းများ၊ ကိုယ်ပွားသတင်းစာတိုက် (မြစ်ကြီးနား) မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယနေ့ မိမိတို့ နိုင်ငံ၏ အခြေအနေမှန်ကို သိရှိနားလည်ပြီး ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲမထားဘဲ နိုင်ငံသားအားလုံးက ညီအစ်ကိုမောင်နှမများဖြစ်ကြသည်ကို နားလည်ထားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ရိုင်းပင်းကူညီကြရမည်ဖြစ်ပါကြောင်း၊ မီဒီယာ၏ သဘောသဘာဝကိုနားလည်ပြီး မိမိကိုယ်တိုင်က သတင်းမှန်ကို သိရှိရန် လိုအပ်ပါကြောင်း၊ သတင်းမှန်များ ပြည်သူသို့ မှန်မှန်နှင့် မြန်မြန်ချပြနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် မိမိတို့ လုပ်ကိုင်ဆောင်ရွက်နိုင်သည်များကို အကောင်းဆုံးနှင့် အတတ်နိုင်ဆုံးအလေးအနက်ထား ကြိုးစားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုဆိုင်ရာအခက်အခဲများ၊ လိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (မြစ်ကြီးနား) ၌ စက်ရုံဝင်းအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရေဒီယိုအစီအစဉ်နှင့် ရုပ်မြင်သံကြားအစီအစဉ်များ ထပ်ဆင့်ထုတ်လွှင့်လျက်ရှိသည့် အခြေအနေ၊ ပြည်နယ်အတွင်း ရုပ်မြင်သံကြားနှင့် ရေဒီယိုလွှမ်းခြုံ ထုတ်လွှင့်ပေးနိုင်သည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်များမှ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များနှင့် အခက်အခဲများကို မေးမြန်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်နယ် (ပြန်/ဆက်)

# လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်များဖြင့် ဝန်ထမ်းများအား ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၉**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်များ (Mobile Medical Units) ဖြင့် အကျိုးဝင်အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန် ရည်ရွယ်၍ လူမှုဖူလုံရေး အကျိုးဝင် အလုပ်သမားများအား အလုပ်ဌာနများအရောက် ကွင်းဆင်း ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့သည် ရွေ့လျားဆေးကုသယာဉ်ဖြင့် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများထံ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ လူမှုဖူလုံရေးအဖွဲ့သည် နေပြည်တော်ကောင်စီအတွင်းရှိ အကျိုးဝင်ဌာနများသို့ ရွေ့လျားဆေးကုသယာဉ်ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Bounphieng CHANTHAVONG အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် လာအိုနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာနိုင်ငံသားများကို နှစ်နိုင်ငံဝန်ကြီးဌာနအချင်းချင်း ပူးပေါင်း၍ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို e-ID စနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးပြီး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ထုတ်ပေးနိုင်ရေး၊ OWIC ကတ်ပြားထုတ်ပေးရေး၊ ဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင် ဖန်တီးပေးမှုများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနေမှု၊ မြန်မာနိုင်ငံအနေဖြင့် ILO ၏ စံချိန်စံညွှန်းများနှင့်အညီ Convention-87 ကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် နှစ်နိုင်ငံ အလုပ်သမားရေးရာ ကဏ္ဍများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိရေး နှစ်နိုင်ငံ အလုပ်သမားရေးရာ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU) ကို ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၂၁ ရက်က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သန်လျင်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်နေမှု စစ်ဆေး

**သန်လျင် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ ကျေးလက်ဂဝံကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူ၊ မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက မင်္ဂလွန်းကျေးရွာ၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၅၅၀ ဒသမ ၄ သန်းဖြင့် အရှည် ၂ မိုင် ၂ ဒသမ ၉၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မရှိ ကျေးလက်ဂဝံကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကရင်ဆိပ်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၂၂ သန်းဖြင့် အရှည် ၄ မိုင် ၀ ဒသမ ၁၆ ဖာလုံ၊ အကျယ် ၁၂၊ ဒု ကိုးလက်မရှိ ကျေးလက်ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ ကျေးလက် ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မင်္ဂလွန်းကျေးရွာတွင် လုပ်ငန်းများအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် ကရင်ဆိပ်ကျေးရွာတွင် ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

## မအူပင်မြို့နယ်၌ သက်သာသောဈေးနှုန်းဖြင့် ကြက်ဥ၊ ဘဲဥများနှင့် ကြက်သားများရောင်းချ

**မအူပင် ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ကြက်ဥ၊ ဘဲဥများနှင့် ကြက်သားများ လက်ဝယ်အရောက် ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၃) ရပ်ကွက် ကမ်းသာယာဈေးအနီးရှိ နယ်မြေမီးသတ်စခန်းရှေ့နှင့် အမှတ်(၇)ရပ်ကွက်ရှိ ဗန်ဒါပင်ဈေးအတွင်း ရောင်းချသည်။

အဆိုပါကြက်ဥ၊ ဘဲဥ၊ ကြက်သားများ ဒေသခံပြည်သူများ လက်ဝယ်အရောက်ရောင်းချပေးမှုကို ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့၏ ညွှန်ကြားမှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကြက်ခြံ၊ ဘဲခြံမွေးမြူရေးလုပ်ငန်းရှင်များ၊ ကြက်သားအရောင်းဒိုင်များ ပူးပေါင်း၍ ကြက်ဥတစ်လုံး ကျပ် ၃၅၀ ဖြင့် အလုံး ၄၅၀၀၊ ဘဲဥတစ်လုံး ကျပ် ၅၀၀ ဖြင့် အလုံး ၆၀၀ နှင့် ကြက်သားတစ်ပိဿာ ကျပ် ၁၄၀၀၀ ဖြင့် ကြက်သား ၁၆ ပိဿာကို ပြည်သူများလက်ဝယ်အရောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များတပ်ဆင်မည့်အခြေအနေ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်

မကွေး ဇန်နဝါရီ ၉

**မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများတွင် (Pagoda Digital Directory) ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များတပ်ဆင်မည့် အခြေအနေရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မနက်ပိုင်းတွင် မကွေးမြို့ စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)



အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကွန်ပျူတာတက္ကသိုလ်(မကွေး)မှ ပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများ၊ ဘုရားစေတီအသီးသီးမှ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**ပူးပေါင်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီး အတွင်းရှိ တန်ခိုးကြီးဘုရားစေတီများတွင် Touch Screen များ ထားရှိ၍ ဘုရားသမိုင်းကြောင်းနှင့် ဘုရားနှင့်သက်ဆိုင်သော အချက်အလက်များအား ဓာတ်ပုံမှတ်တမ်း၊ Virtual Tour များ ဖန်တီး၍ ပြသသွားရန်နှင့် Pagoda Digital Directory တွင်လည်း မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများအား ထည့်သွင်းရန်အတွက်ကိုလည်း ကွန်ပျူတာတက္ကသိုလ် (မကွေး)နှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ ဘုရားစေတီများ၏ ဂေါပကများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများ၏ အချက်အလက်များအား Pagoda Digital Directory တွင် ထည့်သွင်းနိုင်ရေး ကွန်ပျူတာတက္ကသိုလ်(မကွေး)နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေမီဉာဏ်ဝင်းက ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ် (မကွေး) ပါမောက္ခချုပ် ဒေါက်တာမျိုးမင်းသန်းက မြသလွန်စေတီတော်ကြီးနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့မှု လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသော ဂေါပကအဖွဲ့များက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကွန်ပျူတာစာမူဖြင့် အဋ္ဌကထာ စာအုပ်ပြုစုရေး လုပ်ငန်းအတွက် အလှူငွေများ ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ သံဃာ့အဖွဲ့အစည်းများမှ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ မြို့နယ်ဩဝါဒါစရိယနှင့် စက္ကိန်းတဲဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ မင်းဘူးမြို့ ရွှေတွင်းကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသန၊ မင်းဘူးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သာသနဝေပုလ္လ မှန်ကင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုည အမှူးရှိသော ဆရာတော်များ ကြွရောက်ချီးမြှင့်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

**နာယူကြည်ညို**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် မြို့နယ်ဩဝါဒါစရိယ ရွှေတွင်းကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနထံမှ ငါးပါးသီလခံယူကြပြီး ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ရွှေတွင်းကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနနှင့် သာသနဝေပုလ္လ မှန်ကင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညတို့က ဩဝါဒစကား မိန့်ကြားကြသည်။

ယင်းနောက် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး ရေစက်ချ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်လှူဒါန်းမှုဖြင့် တည်ဆောက်ထားသည့် မင်းဘူးမြို့ နှစ်ထပ်သာသနာ့ ဗိမာန်တော်ကြီးကို လှည့်လည်ကြည့်ရှုပြီး ညနေပိုင်းတွင် မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(မြောင်းမြ) နဝမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၉**

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (မြောင်းမြ)၏ နဝမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ဆရာ ဆရာမများ၊ ဒီပလိုမာ လက်မှတ် အပ်နှင်းခံရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြား၍ သင်တန်းထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (မြောင်းမြ) ကျောင်းအုပ် ဆရာမကြီးက ကျောင်းသား ကျောင်းသူများထံ စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် စမ်းချောင်းကျေးရွာရှိ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ကျွဲမွေးမြူရေးသုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ၌ ကျွဲကောင်ရေ ဖ၉ ကောင် မွေးမြူထားရှိမှု၊ ကျွဲမွေးမြူရေး သုတေသနပြု ဆောင်ရွက်နေမှု၊ နေဗီယာ၊ အက်ထရာတန်၊ ဟာမစ်တာ၊ မွန်ဘားဆားနှင့် ဘော့စကိုင်း စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ရှုခင်းသာကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးမြင့်အောင် ဥစားကြက် မွေးမြူရေးခြံ၌ ဥစားကြက်ကောင်ရေ ဖဖ၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး တိရစ္ဆာန်ဆေးဝါးများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြောင်းမြမြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ကျောင်းသုံးစာအုပ်နှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာနပိုင် မြောင်းမြဂုန်နီစက်ရုံအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာကဏ္ဍ အခြေခံစက်ရုံများ၊ လယ်ယာပို့ကုန်တန်ဖိုးမြှင့် စက်ရုံများ တည်ထောင် ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ငှားရမ်းထားသည့် မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီလီမိတက် (MAPCO) သို့ ရောက်ရှိပြီး ဆန်စပါးနှင့် လယ်ယာသီးနှံ အခြောက်ခံခြင်း၊ သိုလှောင်သန့်စင်စက်ရုံနှင့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း တည်ဆောက်နေမှုနှင့် လျှော်ရွှေးလျှော်ထုတ်စက်ရုံထိန်းသိမ်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် မြောင်းမြမြို့နယ် ကျုံခါးကျေးရွာ တောင်သူဦးသိန်းဆိုင်ထွန်း၏ အောင်နိုင်တိုးစပါးမျိုး စံပြစိုက်ခင်း စိုက်ပျိုးထားရှိမှု၊ တောင်သူ ဦးသိန်းဆိုင်ထွန်း၏ ရေဆင်းပေါ်ဆန်း(၂) စံပြစိုက်ခင်း ကောက်စိုက်နေမှုနှင့် ကန်ကြီးထောင့်မြို့နယ် ကျုံကြီးကျေးရွာအုပ်စု ညောင်ချောင်းကျေးရွာ မွေးမြူရေးတောင်သူဦးခင်အောင်၏ ဘဲမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲများ ပြုလုပ်



**သထုံ ဇန်နဝါရီ ၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ယနေ့ နံနက်ပိုင်းက သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ ပရိုကိုး အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရာတွင် ပရိုကိုးအခြေခံပညာမူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန် လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၉**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ကျင်းပသည့် ကချင်ပြည်နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် စပ်လျဉ်းသည့် တွေ့ဆုံညှိနှိုင်းပွဲသို့ တက်ရောက်သည်။**



အဆိုပါ တွေ့ဆုံညှိနှိုင်းပွဲသို့ ကချင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန မဟာဓာတ်အားလိုင်းမှူး (ဝိုင်းမော်)၊ ပင်မဓာတ်အားခွဲရုံမှူး (ဝိုင်းမော်၊ ဗန်းမော်) တို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိဓာတ်အားထုတ်လုပ်နေမှုကို တိုးတက်မထုတ်နိုင်သေးမီ မြို့နယ်အဆင့်များတွင် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်များအတွင်း ဓာတ်အားခကြွေးကျန်များ အပြည့်အဝ ရရှိရေးနှင့် တရားမဝင်ဓာတ်အား ရယူသုံးစွဲမှုများ မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်း၊ ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့ကို ဟန်ချက်ညီညီ တိုးတက်ကောင်းမွန်စေရေး စီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အား ပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဓာတ်အားခကောက်ခံရရှိမှုနှင့် ဓာတ်အားခကြွေးကျန် ကျဆင်းရေး ဆောင်ရွက်ထားရှိမှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကိုတင်ပြရာ ပြည်နယ်ဝန်ကြီးက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည့်အစီအမံများကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# "အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် စွမ်းရည်မြှင့်တင်ရေး" ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

"အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် စွမ်းရည်မြှင့်တင်ရေး"ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည်။



အလုပ်ရုံ ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က မြန်မာနိုင်ငံအနေဖြင့် "လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ" ကို ကျင့်သုံးလျက်ရှိရာ ကမ္ဘာ့နိုင်ငံများနှင့် နှစ်နိုင်ငံချင်းသာမက ကုလသမဂ္ဂ၊ အာဆီယံ၊ ဘင်းမ်စတက်နှင့် မဲခေါင်ဒေသခွဲဆိုင်ရာ အဖွဲ့အစည်းများ၊ အာရှ-ဥရောပ အစည်းအဝေး (အေဆမ်)၊ အာရှ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (အေစီဒီ)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) စသည့် ဒေသတွင်း၊ ဒေသခွဲဆိုင်ရာနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံချင်း၊ ဒေသတွင်း၊ ဒေသခွဲနှင့် နိုင်ငံတကာအစီအစဉ်များတွင် ဆက်သွယ်ဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်ခြင်းဖြင့် ပြည်ပဆက်ဆံရေး ပိုမိုအားကောင်းလာစေရန်နှင့် ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်များအား ဦးစားပေးဖော်ဆောင်ရာတွင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာအစီအစဉ်များမှတစ်ဆင့်လည်း ပိုမိုပေါင်းစည်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ အထူးသဖြင့် အာဆီယံဒေသတွင်း၌ မြန်မာနိုင်ငံ၏ အခန်းကဏ္ဍ မြှင့်တင်နိုင်ရန်၊ ပြည်တွင်းကဏ္ဍ အသီးသီးတွင် တာဝန်ယူလျက်ရှိသည့် ဝန်ကြီးဌာနများအကြား ပိုမိုကောင်းမွန်သည့် ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် မိမိတို့၏ ဦးစားပေးလုပ်ငန်းအစီအစဉ်များကို အာဆီယံယန္တရားများနှင့် ပိုမိုအချိတ်အဆက်မိမိ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် အာဆီယံမဏ္ဍိုင်(၃)ရပ်ကို အဓိကတာဝန်ယူထားကြသည့် အရာရှိကြီးများက အာဆီယံဆိုင်ရာ ကဏ္ဍအသီးသီးကို တာဝန်ယူထားသည့် ဝန်ကြီးဌာန (၃၀)မှ ဘာသာရပ်ကျွမ်းကျင်သူ အရာရှိများအား ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းစဉ်များကို အာဆီယံယန္တရားများမှတစ်ဆင့် ဖော်ဆောင်နိုင်မှု အခြေအနေ၊ စိန်ခေါ်မှုနှင့် အလားအလာများအပေါ် ပြန်လည်သုံးသပ်ကြရန်၊ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ကို ယခုနှစ်တွင် စတင်နိုင်မည်ဖြစ်ရာ အဆိုပါမျှော်မှန်းချက်ပါ အာဆီယံမဏ္ဍိုင်အသီးသီး၏ ဗျူဟာမြောက်လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံက အပြုသဘော ပူးပေါင်းပါဝင်ကာ မိမိတို့နိုင်ငံအကျိုးကို ဒေသအကျိုးစီးပွားနှင့် ချိတ်ဆက်နိုင်ရန် ပွင့်လင်းစွာ ညှိနှိုင်းတိုင်ပင်၍ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံရေးရာ ကိစ္စရပ်များကို တာဝန်ယူထားသည့် ဝန်ကြီးဌာန (၃၀) မှ အဆင့်မြင့်အရာရှိကြီးများနှင့် ဘာသာရပ်တာဝန်ခံ အရာရှိ စုစုပေါင်း ၈၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် Belarusan State University ၏ First Vice-Rector ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၉**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် Belarusan State University ၏ First Vice–Rector ဖြစ်သူ Dr Dzmitry Kurlavich ကို ယနေ့ညနေပိုင်းတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌တွေ့ဆုံရာ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ တက်ရောက်သည်။

တွေ့ဆုံစဉ် Belarusan State University နှင့် မြန်မာတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# ပြင်ဦးလွင်မြို့ရှိ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်း သရုပ်ပြ

**ပြင်ဦးလွင် ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ဈေးသူဈေးသားများ မီးဘေးအန္တရာယ်ကြုံလာပါက လက်တွေ့မီးငြိမ်းသတ်နိုင်ကြစေရန် ရည်ရွယ်ကာ မြို့မစည်ပင်သာယာဈေးကြီးတွင် ယနေ့ နံနက် ၁၀ နာရီက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် စည်ပင်အမှုဆောင်အရာရှိ ဦးကျော်ခိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် မီးသတ်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဈေးသူ ဈေးသားများ စုစုပေါင်းအင်အား ၁၅၀ တို့ဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးငြိမ်းသတ်ခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကယ်လီဖိုးနီးယားတောမီးကြောင့် အီတလီသို့သွားမည့်ခရီးစဉ် အမေရိကန်သမ္မတ ဖျက်သိမ်း

**ဝါရှင်တန် ဇန်နဝါရီ ၉**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကယ်လီဖိုးနီးယားတောမီးလောင်မှုကို ငြိမ်းသတ်နိုင်ရေး အာရုံအပြည့်အဝစိုက်ထားရန် အီတလီသို့ သွားရောက်မည့်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၈ ရက်တွင် ပြောသည်။

ဇန်နဝါရီ ၈ ရက် အစောပိုင်းတွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် ကယ်လီဖိုးနီးယားတောမီးကို အဓိကသဘာဝဘေးအန္တရာယ်ကြီးအဖြစ် ကြေညာခဲ့သည်။ ဇန်နဝါရီ ၇ ရက်က စတင်လောင်ခဲ့သည့်တောမီးကြောင့် သဘာဝဘေးဒဏ်ခံစားရသည့် ဒေသများကိုပြန်လည်ထူထောင်ရေးဆိုင်ရာ ကြိုးပမ်းမှုများကူညီပေးရန် ညွှန်ကြားခဲ့သည်။

ထောက်ပံ့ပေးမည့် အကူအညီများတွင် ယာယီအိမ်ရာနှင့် အိမ်ပြုပြင်ခြင်းအတွက် ထောက်ပံ့ကြေးများ၊ အာမခံမထားသည့် အိမ်ရာများ ဆုံးရှုံးမှုကာမိစေရန် တန်ဖိုးနည်းချေးငွေများနှင့် ဘေးအန္တရာယ်ခံစားရသည့် လူတစ်ဦးချင်းစီနှင့် လုပ်ငန်းရှင်များအတွက် ပြန်လည်ထူထောင်နိုင်ရေး အကူအညီပေးရေး အစီအစဉ်များပါဝင်သည်ဟု အိမ်ဖြူတော်က သတင်းထုတ်ပြန်ထားသည်။

ကယ်လီဖိုးနီးယား တောမီးလောင်မှုကို ထိန်းချုပ်ရန်နှင့် ပြန်လည်တည်ဆောက်ရေး ကူညီရန် လုပ်နိုင်သမျှအရာအားလုံးကို ပြင်ဆင်ထားကြောင်း၊ သို့သော်လည်းယင်းအရာသည် ခရီးရှည်ကြီးဖြစ်မည်ဖြစ်ကြောင်း ဘိုင်ဒင်က လူမှုကွန်ရက်မီဒီယာတွင် ရေးသားခဲ့သည်။

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လူနေအများဆုံးဒေသဖြစ်သည့် လော့စ်အိန်ဂျလိစ်တွင် တောမီးများကြောင့် ငါးဦးထက်မနည်း သေဆုံးခဲ့ပြီး အဆောက်အအုံ ၁၁၀၀ ထက်မနည်း ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောသည်။

ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူး ဂါဗင်နယူဆမ်သည် ဇန်နဝါရီ ၇ ရက်တွင် ပြည်နယ် အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ ကယ်လီဖိုးနီးယားတောင်ပိုင်းတွင် တောမီးများ လျင်မြန်စွာပျံ့နှံ့လောင်မှုကြောင့် လူပေါင်းထောင်နှင့်ချီ၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် အမိန့်ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**



ဟောလိဝုဒ်တောင်ကုန်းတွင် လောင်နေသည့်တောမီးအား ရဟတ်ယာဉ်ဖြင့် ငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။

# ဘိုလီးဗီးယားနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၁၆ ဦး သေဆုံး

**လာပက်ဇ် ဇန်နဝါရီ ၉**

ဘိုလီးဗီးယားနိုင်ငံ၌ ပြီးခဲ့သည့် နိုဝင်ဘာလမှစကာ မိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူ ၁၆ ဦးအထိ တိုးလာပြီး မိသားစု ၁၆၀၀၀ ကျော် ထိခိုက်ခဲ့ရကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၈ ရက်တွင် ပြောကြားသည်။

တောင်အမေရိကနိုင်ငံ ဖြစ်သည့် ဘိုလီးဗီးယားနိုင်ငံ၌ ပြီးခဲ့သည့်နိုဝင်ဘာလမှစကာ ဇန်နဝါရီ ပထမပတ်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူအသေအပျောက်များသည့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားပြီး အကြီးအကျယ် ပျက်စီးခဲ့ရကြောင်း အရပ်ဘက်ကာကွယ်ရေးဒုတိယဝန်ကြီး ဂျွန်ကာလော့စ် ကယ်ဗီမွန်တပ်စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အနောက်ဘက် လာပက်ဇ်ဒေသအားလုံး အပိုလို၊ လာအက်ဆန်တာနှင့် လူရီဘေးတို့တွင် နောက်ဆက်တွဲ အခြေအနေများနှင့်ပတ်သက်ပြီး ဘေးအန္တရာယ်အခြေအနေတစ်ခုအဖြစ် အာဏာပိုင်များက ကြေညာခဲ့ကြောင်း သိရသည်။



ဘိုလီးဗီးယားနိုင်ငံ၌ ဆီးနှင်းခဲများ ဖုံးလွှမ်းခြင်းနှင့် မိုးသီးမုန်တိုင်းများ တိုက်ခတ်ခြင်းအပါအဝင် နိုဝင်ဘာလကတည်းက အခြားရာသီဥတုဆိုင်ရာ ဖြစ်စဉ်များကြောင့် ဒေသငါးခုတွင်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဘိုလီးဗီးယားနိုင်ငံ၏ မိုးရာသီကာလသည် ၂၀၂၅ ခုနှစ် မတ်လ သို့မဟုတ် ဧပြီလ နှောင်းပိုင်းအထိ ကြာမြင့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **ဆင်ဟွာ**

# ကိုရီးယားနိုင်ငံ ဒေသအများအပြားတွင် ဇန်နဝါရီ ၁၀ ရက်တွင် အပူချိန်အနိမ့်ဆုံးအဆင့်အထိ ကျဆင်းမည်

**ဆိုးလ် ဇန်နဝါရီ ၉**

ကိုရီးယားနိုင်ငံ၏ ဒေသအများအပြားတွင် ဇန်နဝါရီ ၁၀ ရက်တွင် အပူချိန် အနုတ် ၂၁ ဒီဂရီ ဆဲလ်ဆဲလ်စီးယပ်အထိ ကျဆင်းနိုင်ခြေရှိသည့်အတွက် အအေးဆုံးရာသီဥတုကို ကြုံတွေ့ခံစားရနိုင်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကိုရီးယားမိုးလေဝသ စီမံခန့်ခွဲမှုဌာနက ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် အပူချိန်သည် အနုတ် ၂၁ ဒီဂရီဆဲလ်စီးယပ်မှ ၅ ဒီဂရီဆဲလ်စီးယပ်ကြားရှိနိုင်ပြီး ဇန်နဝါရီ ၉ ရက် အပူချိန်ထက် ပိုမိုကျဆင်းမည်ဟု ခန့်မှန်းထားသည်။

မြို့တော် ဆိုးလ်တွင် ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီအပူချိန်သည် အနုတ် ၁၀ ဒသမ ၂ ဒီဂရီအထိရှိသည်။ အအေးလှိုင်းအကြံပေးချက်ကို ဇန်နဝါရီ ၈ ရက် ည ၉ နာရီအချိန်တွင် စတင်ထုတ်ပြန်ခဲ့ပြီး နောက်ထပ် နှစ်ရက် သို့မဟုတ် နှစ်ရက်ကျော်ကာလအထိ နံနက်ပိုင်း အပူချိန်သည် အနုတ် ၁၂ သို့မဟုတ် ထိုထက်ပိုမိုကျဆင်းနိုင်ကြောင်း ဖော်ပြထားသည်။



အခြားဒေသများ၌ ဇန်နဝါရီ ၈ ရက် အနိမ့်ဆုံးအပူချိန်သည် ၁၆ ဒသမ ၉ မှ ၁၃ ဒီဂရီဆဲလ်စီးယပ်အထိ ရှိခဲ့သည်။

ကိုရီးယားနိုင်ငံ ဒေသအများအပြားတွင် ဆောင်းရာသီ၏ မှတ်တမ်းတင် အနိမ့်ဆုံးအပူချိန်ကို ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း ကိုရီးယား မိုးလေဝသစီမံခန့်ခွဲရေးဌာနက ဖော်ပြထားသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းသစ် ၁၅၇၂၀၀ ကျော် ထူထောင်

**ဟနွိုင်း ဇန်နဝါရီ ၉**

ဗီယက်နမ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းသစ် ၁၅၇၂၀၀ ကျော် ထူထောင်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းသစ်သည် ရင်းနှီးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၉ ဘီလီယံကျော်ရှိကြောင်း အထွေထွေစာရင်းအင်းရုံးကို ကိုးကားပြီး ဒေသတွင်းမီဒီယာက ဇန်နဝါရီ ၉ ရက်တွင် ဖော်ပြထားသည်။

အဆိုပါလုပ်ငန်းများမှ အလုပ်သမား တစ်သန်းကျော်ကို အလုပ်ခန့်အပ်ခဲ့ရာ ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ကြည့်ပါက ၅ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း အသစ်တည်ထောင်ထားသည့် လုပ်ငန်း၏ ပျမ်းမျှမှတ်တမ်းတင်ထားသည့် ရင်းနှီးငွေမှာ ဒေါ်လာ ၃၈၆၀၀ ရှိရာ ယမန်နှစ်ကထက် ၀ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ ကျောက်မီးသွေးမိုင်းအတွင်း အလုပ်သမားအချို့ ပိတ်မိ

**နယူးဒေလီ ဇန်နဝါရီ ၉**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ် ရေလွှမ်းမိုးမှုဖြစ်ပေါ်နေသည့် ကျောက်မီးသွေးမိုင်းအတွင်း မိုင်းလုပ်သားကိုးဦးခန့် ပိတ်မိနေသည်ဟု သိရသည်။ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ လူသေလောင်းတစ်လောင်း တွေ့ရှိခဲ့ပြီးဖြစ်သည်။

အနီးအနားရှိ အသုံးမပြုသောတွင်းတစ်တွင်းအတွင်း ရေပိုက်ကို မိုင်းတွင်းလုပ်သားများက မတော်တဆထိခိုက်မိ၍ တရားမဝင်သတ္တုမိုင်းအတွင်း ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည်ဟု ဒေသခံအာဏာပိုင်များက ယုံကြည်နေကြသည်။

တာဝန်ရှိသူများက ရေငုပ်သမားများ၊ ကရိန်းများနှင့်ရဟတ်ယာဉ်များကို စုစည်းထားသော်လည်း ခက်ခဲသောအခြေအနေများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ရေအောက်တွင် မြင်နိုင်အားလျော့နည်းသည့်အတွက် ရေငုပ်ရာတွင် အခက်အခဲများရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောသည်။

တရားမဝင်သတ္တုမိုင်းများအတွင်း မတော်တဆဖြစ်ရပ်များမှာ အိန္ဒိယနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသည့်ဖြစ်ရပ်များဖြစ်သည်။ ၂၀၁၉ ခုနှစ်ကလည်း အိမ်နီးချင်းမက်ဟာလာယာပြည်နယ်တွင် မိုင်းတွင်းပြိုကျမှုကြောင့် မိုင်းလုပ်သား ၁၅ ဦးထက်မနည်း သေဆုံးခဲ့သည်။ **ဆင်ဟွာ**

# စိုက်ပျိုးစွမ်းအား ဆည်တမံများဖြင့် ပြည်ထွန်းကားစေ ဥသျှမြေ

**ပဲခူးတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည့် ပဲခူးမြို့သည် ရန်ကုန်မြို့မှ ၈၀ ကီလိုမီတာအကွာတွင်တည်ရှိပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ထိုသို့ အောင်မြင်ဖြစ်ထွန်းလာခြင်းက ဆည်တမံများ၏ အကျိုးကျေးဇူးကြောင့်ဟု ဆိုရမည်ဖြစ်သည်။**

မြင့်မြတ်သစ္စာ

ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကဏ္ဍတွင် နှစ်သီးစားမှ သုံးသီးစားအဖြစ် မြှင့်တင်ဆောင်ရွက်နေသော တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းရန် ပံ့ပိုးကူညီဆောင်ရွက်ပေးနေသော ဆည်တမံများ၏ အခန်းကဏ္ဍသည် အထူးအရေးပါလျက်ရှိသည်။ စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံတွင် မိုးစပါးကို အများဆုံး စိုက်ပျိုးကြသည့်နည်းတူ တောင်သူများ အထူးအားထားရာ နွေစပါးကိုလည်း နှစ်စဉ်မပြတ် စိုက်ပျိုးလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အစဉ်အလေးထားဆောင်ရွက်နေသည့်နည်းတူ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အတွက် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ဆန်စပါးစိုက်ပျိုးမှုကဏ္ဍတွင်လည်း တောင်သူများလိုအပ်သည့် ဆည်ရေကို အစဉ်မပြတ် ပို့လွှတ်ပေးမှုဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ဆည်တမံများ၏အခန်းကဏ္ဍသည် အသက်သွေးကြောသဖွယ် အရေးပါလာခြင်း ဖြစ်သည်။



စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် အကျိုးပြုနေသည့် မဇင်းဆည်တမံကို တွေ့ရစဉ်။

ဆောင်း၏အအေးဓာတ်သည် ရန်ကုန်မြို့ နံနက်ခင်းကို အပြည့်အဝ လွှမ်းခြုံမှုမပေးနိုင်သော်လည်း ဆောင်းရာသီဟူသော ဂုဏ်ကိုထိန်း၍ ဟိုတစ်စ၊ သည်တစ်စဖြင့် သစ်ပင်စုစု နေရာအနီးတစ်ဝိုက်၌ အအေးလှိုင်းနုနုတို့ ရစ်သိုင်းလျက်ရှိသည်။ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ နံနက်မိုးသောက် အလင်းရောက်သည်နှင့် စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ အစိုးရဌာနဆိုင်ရာများနှင့် ပညာရေးကဏ္ဍတို့မှ ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် မြို့တွင်း၊ မြို့ပြင်လမ်းမကြီးပေါ်တွင် သွားလာစည်ကားလျက်ရှိသည်။

ရန်ကုန်မြို့မှ ပဲခူးမြို့သို့ ထွက်ခွာလာသော စာရေးသူတို့ယာဉ်ငယ်သည် မြို့တွင်းမှ ထောက်ကြံ့လမ်းဆုံကိုဖြတ်သန်းခဲ့ပြီး အမှတ် (၃) လမ်းဆုံသို့ ရောက်ရှိချိန်တွင် အမြန်လမ်းမကြီးနှင့် ရန်ကုန်-ပဲခူးလမ်းသို့ ဖြတ်သန်းသွားလာကြသည့် ယာဉ်များကိုတွေ့ရပြီး ဒီဇင်ဘာလခရီးသွားရာသီတွင် ဘုရားဖူးယာဉ်များနှင့် အပန်းဖြေခရီးသွားယာဉ်များ၊ ကုန်စည်ပို့ဆောင်သောယာဉ်များ၊ အဝေးပြေးယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်များ ဥဒဟို သွားလာလျက်ရှိသည်။

ရန်ကုန်တိုးဂိတ် (လှည်းကူး)တွင် ယာဉ်များဝင်ရောက်ဖြတ်သန်းလျက်ရှိပြီး နံနက်ခင်း၏ နေရောင်ခြည်အောက်တွင် ရန်ကုန်-ပဲခူးလမ်းမကြီးသည် တောက်ပလျက်ရှိသည်။ တိုးဂိတ်ကိုဖြတ်သန်းပြီး လှည်းကူးမြို့သို့ ဝင်ရောက်လာချိန်တွင် ဖရဲသီးရောင်းသော ဆိုင်လေးများကို တွေ့ရပြီး ဤမြို့လေးသည်လည်း စိုက်ပျိုးရေးမပြတ် လုပ်ဆောင်သော မြို့အဖြစ် သတိပြုမိကြသည်။

လှည်းကူး-ဆူးလေ ပြေးဆွဲသည့် မှန်လုံယာဉ်ဂိတ်ကိုတွေ့ရပြီး ရန်ကုန်မြို့တွင်းနှင့် မြို့ပြင်ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်မှုသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၏ အထောက်အပံ့ကောင်းများအဖြစ် တွေ့မြင်ရလျက်ရှိသည်။ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ လှည်းကူးမြို့၏ တစ်ဖက်သုံးလမ်းသွား လမ်းမကြီးပေါ်တွင် ယာဉ်များသွားလာလျက်ရှိသည်။

ဖောင်ကြီး-အမှတ်(၂)လမ်းဆုံမှ ရန်ကုန်-ပဲခူးလမ်းပေါ်ရှိ တိုးဂိတ်တစ်ခုကို ဖြတ်သန်းခဲ့ရာ ကားလမ်းဝဲဘက်၌ ရိတ်သိမ်းထားသော မိုးစပါးခင်းများနှင့် ကားလမ်းယာဘက်၌ နှင်းရည်ဆွတ်ဖျန်းထားသည့် ဆောင်းသီးနှံစိုက်ခင်းများမှာ စိမ်းစိုလန်းဆန်းလျက်ရှိသည်။ ဇရပ်ကွင်းနှင့် အင်းတကော်မြို့တို့ကို ဖြတ်သန်းခဲ့စဉ် မွေးမြူရေးခြံများနှင့် စက်ရုံများကိုတွေ့ရပြီး ပဲခူးတိုင်းဒေသကြီးသည် စီးပွားရေးအချက်အချာကျရာ ရန်ကုန်မြို့ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍတို့တွင် ဟန်ချက်ညီညီ လိုက်ပါဆောင်ရွက်နိုင်သော မြို့တစ်မြို့အဖြစ် သတိပြုမိသည်။

မြို့တွင်းလမ်းနှင့် မြို့ရှောင်လမ်းစုံဖြစ်သော ပဲခူးတက္ကသိုလ်လမ်းဆုံတွင် တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရုပ်တုကို ခံ့ထည်ဝင့်ကြွားစွာ တွေ့မြင်ရပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများ သတိပြုနှစ်ခြိုက်စေမည့် မြို့ပြသင်္ကေတအဖြစ် ဂုဏ်ယူဖွယ် တွေ့မြင်ရသည်။

ပဲခူးမြို့အနောက် မြို့ရှောင်လမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ ပဲခူးစက်မှုဇုန်ကို ဖြတ်သန်းခဲ့ပြီး ထိုကားလမ်း ဝဲဘက်ခြမ်းတွင် မဇင်းရေလှောင်တမံဟူသော ဆိုင်းဘုတ်လမ်းညွှန်အတိုင်း ဝင်ရောက်ခဲ့ရာ ကြည်လင်သန့်ရှင်းနေသည့် ရေပြင်ကျယ်ကျယ် ဆည်တမံတစ်ခုကို တွေ့လိုက်ရသည်။ လေတဖြူးဖြူးတိုက်ခတ်နေသည့် မဇင်းရေလှောင်တမံသည် ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း၌ရှိသော ဆည်တမံများတွင် အရေးပါသည့် ဆည်တမံတစ်ခုလည်းဖြစ်သည်။

နှစ်စဉ်နွေစပါး စိုက်ပျိုးရေးအတွက် အထောက်အပံ့ပြုနေသည့်အပြင် ပဲခူးမြို့သောက်သုံးရေအတွက် ပို့လွှတ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေသော ဆည်တမံတစ်ခုလည်းဖြစ်သည်။ ဆည်တမံများတွင် စိုက်ပျိုးရေးအတွက် ရေပို့လွှတ်နိုင်ရန် အဓိကတည်ဆောက်ကြသော်လည်း မြို့ပြအတွက် လိုအပ်သည့် သောက်သုံးရေပို့လွှတ်နိုင်သော ဆည်တမံရှားပါးလေ့ရှိရာ ထိုသို့ရှားပါးသော ဆည်တမံတို့တွင် ပဲခူးခရိုင်မှ မဇင်းဆည်တမံလည်း ပါဝင်သည်။ မိတ္ထီလာမြို့အတွက် အရေးပါသော မိတ္ထီလာကန်ကဲ့သို့ ကြည်လင်သန့်ရှင်းနေသော မဇင်းဆည်တမံသည်လည်း ပဲခူးမြို့အတွက် သောက်သုံးရေပို့လွှတ်နိုင်သော ဆည်တမံတစ်ခုအဖြစ် ဂုဏ်တင့်လျက်ရှိသည်။

မဇင်းဆည်တမံသည် ရေဆင်းဧရိယာ ၁၁ စတုရန်းမိုင်ရှိပြီး မြေသားတမံဖြစ်၍ တမံသည် အလျားပေ ၄၁၀၀၊ အမြင့်ပေ ၆၀ ရှိသည်။ ရေပြည့်ရေလှောင်ပမာဏသည် ၂၆၁၈၆ ဧကပေရှိပြီး ကန်ရေသေပမာဏသည် ဧကပေ ၁၉၅၀ ရှိသည်။ ရေပိုလွှဲအကျယ်သည် ပေ ၃၀ ရှိပြီး ရေပိုလွှဲအလျားသည် ၂၈၅ ပေရှိကာ ရေထုတ်ပြွန်အရွယ်အစားအကျယ် လေးပေ၊ အမြင့်ခြောက်ပေဖြင့် ရေထုတ်ပြွန်အလျား ၁၇၀ မှ ရေပို့လွှတ်ပေးလျက်ရှိသည်။ ၁ ဒသမ ၅ မိုင် ရှည်သော တူးမြောင်းမကြီးမှတစ်ဆင့် ၈ ဒသမ ၅ မိုင်ရှိသည့် လက်တံမြောင်း ၁၆ ခုဖြင့် ဆည်ရေသောက်ဧရိယာ ဧက ၆၅၀ နှင့် သီးနှံဧရိယာ ဧက ၆၅၀ တို့ကို ရာသီအလိုက် ရေပို့လွှတ်ပေးလျက်ရှိရာ စိုက်ပျိုးရေပေးဝေမှုသာမက ပဲခူးမြို့ သောက်သုံးရေအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသော နေ့စဉ်ရေဂါလန် ၁၁ သန်း ဖြန့်ဝေပို့လွှတ်နိုင်သည့် ဆည်တမံတစ်ခုလည်းဖြစ်သည်။

နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လင်းရောင်ခြည်များ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့မှ ဆည်တမံ ၁၃ ခုကို တာဝန်ယူဆောင်ရွက်နေသည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟအောင်က မိုးစပါးအောင်ရေ၊ နွေစပါးနှင့် ဆောင်းသီးနှံတို့အတွက် လိုအပ်သောဆည်ရေဖြန့်ဝေပေးနေမှုနှင့် မိုးရာသီရေကြီးရေလျှံဖြစ်ပွားမှုကို ကာကွယ်ပေးနေသည့် ဆည်တမံများနှင့် စပ်လျဉ်း၍ ယခုလိုပြောကြားပါသည်-

"ပဲခူးတိုင်းဒေသကြီးမှာ ပဲခူးခရိုင်အနေနဲ့ ဆည်တမံရှစ်ခုနဲ့ ညောင်လေးပင်ခရိုင်က ဆည်တမံ သုံးခုကို တာဝန်ယူရပါတယ်။ ပဲခူးခရိုင်မှာဆိုရင် အလိုင်နီ၊ ရွှေပြည်-၃၊ ဇလပ်ထော်၊ မဇင်း၊ ဝါးကတုတ်၊ စလူ၊ ရွှေလောင်း၊ ကိုတူကွဲရေလှောင်တမံနဲ့ ညောင်လေးပင်ခရိုင်မှာဆိုရင် ပျဉ်ပုံကြီး၊ ဘောနီနဲ့ ကောလိယ ရေလှောင်တမံ စတဲ့ရေလှောင်တမံ ၁၃ ခုကို တာဝန်ယူရပါတယ်။ ဆည်တမံ ၁၃ ခုထဲမှာ ကောလိယ ရေလှောင်တမံဟာ ဧက ၁၆၀၀၀၀ ကျော်နဲ့ ရေသိုလှောင်မှု အများဆုံးဖြစ်ပြီး မိုးယွန်းကြီးကန်ဟာ အကျိုးပြုဧရိယာအများဆုံး ဖြစ်ပါတယ်။ ပဲခူးခရိုင်က မဇင်းဆည်တမံဟာ နွေစပါးစိုက်ခင်းတွေကို အကျိုးပြုနေပြီး အထူးသဖြင့် ပဲခူးမြို့သောက်သုံးရေအတွက် ပေးဝေနိုင်ဖို့ ဆောင်ရွက်နေတဲ့ အကျိုးပြုဆည်တစ်ခုလည်းဖြစ်ပါတယ်။

"ပဲခူးခရိုင်နဲ့ ညောင်လေးပင်ခရိုင်က ဆည်တမံ ၁၃ ခုဟာ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းက နွေစပါးနဲ့ ဆောင်းသီးနှံတွေကို အကျိုးပြုနေပါတယ်။ အထူးသဖြင့် ဆည်တမံ ၁၃ ခုမှာ ပဲခူးခရိုင်ဆိုရင် ဧက ၈၀၀၀၀ ကျော်နဲ့ ညောင်လေးပင်ခရိုင်ဆိုရင် ဧက ၆၀၀၀၀ ကျော်ကို အကျိုးပြုနေတာပါ။ ဆည်တမံတွေမှာ မိုးရာသီမရောက်မီ ဆည်ရေတွေ ပို့လွှတ်ပြီး မိုးရာသီမှာ ရေသိုလှောင်ပါတယ်။ ရေကြီးနစ်မြုပ်မှု မရှိအောင် ဆည်တမံတွေမှာ ရေကိုထိန်းညှိပြီး စုဆောင်းရလေ့ရှိပါတယ်။ ၂၀၂၃ ခုနှစ်ကလို ပဲခူးမှာရေကြီးနစ်မြုပ်မှုမဖြစ်အောင် ၂၀၂၄ ခုနှစ်မှာ ဆည်တမံတွေမှာ ရေဘေးကာကွယ်ရေးလုပ်ငန်းတွေ မိုးရာသီ မစမီက လုပ်ဆောင်နိုင်ခဲ့တာကြောင့် ပဲခူးမြို့အရှေ့ဘက်ခြမ်း (ရှေးဟောင်းမြို့)ကို ဒီနှစ်မှာ ရေဘေးက ကယ်တင်နိုင်ခဲ့ပါတယ်။ အင်္ဂလိပ်လက်ထက်ကတည်းက

*စာမျက်နှာ ၁၇ သို့*

> **❝ နှစ်စဉ်နွေစပါး စိုက်ပျိုးရေးအတွက် အထောက်အပံ့ပြုနေသည့်အပြင် ပဲခူးမြို့သောက်သုံးရေအတွက် ပို့လွှတ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေသော ဆည်တမံတစ်ခုလည်းဖြစ်သည်။ ဆည်တမံများတွင် စိုက်ပျိုးရေးအတွက် ရေပို့လွှတ်နိုင်ရန် အဓိက တည်ဆောက်ကြသော်လည်း မြို့ပြအတွက် လိုအပ်သည့် သောက်သုံးရေပို့လွှတ်နိုင်သော ဆည်တမံရှားပါးလေ့ရှိရာ ထိုသို့ရှားပါးသော ဆည်တမံတို့တွင် ပဲခူးခရိုင်မှ မဇင်းဆည်တမံလည်းပါဝင်သည်။ မိတ္ထီလာမြို့အတွက် အရေးပါသော မိတ္ထီလာကန်ကဲ့သို့ ကြည်လင်သန့်ရှင်းနေသော မဇင်းဆည်တမံသည်လည်း ပဲခူးမြို့အတွက် သောက်သုံးရေပို့လွှတ်နိုင်သော ဆည်တမံတစ်ခုအဖြစ် ဂုဏ်တင့်လျက်ရှိ ❞**

*စာမျက်နှာ ၁၆ မှ*

တည်ရှိခဲ့တဲ့တာပေါင်တွေကို ၂၀၂၄ ခုနှစ်မှာ တာပေါင်မြှင့်တင်မှုဆောင်ရွက်ခဲ့ပြီး ဆည်တမံတွေမှာ ရေထိန်းညှိလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့တာကြောင့် ပဲခူးမြို့အရှေ့ခြမ်း ရေကြီးရေလျှံမှုကို မိုးရာသီမှာ ကြိုတင်ကာကွယ်နိုင်ခဲ့ပါတယ်။

"တောင်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးမှုမှာ စိုက်ပျိုးရေးကဏ္ဍဟာ အရေးပါပါတယ်။ ခရိုင်နှစ်ခုမှာ စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကလိုအပ်တဲ့ရေကို ပို့လွှတ်ပေးခြင်းအားဖြင့် နှစ်သီးစားကနေ သုံးသီးစား စိုက်ပျိုးလာတဲ့တောင်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုဟာ စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ နိုင်ငံအနေနဲ့ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လင်းရောင်ခြည်များဖြစ်တာကြောင့် တောင်သူတွေလိုအပ်တဲ့ဆည်ရေကို အခက်အခဲ မရှိအောင် တတ်စွမ်းသမျှ တန်ဖိုးထားဖြည့်ဆည်းပေးနိုင်မှုအပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ပြောကြားပါသည်။

ပဲခူးမြို့သည် ဧရိယာအားဖြင့် ၇၁၇၈၆၁ ဧက၊ စတုရန်းမိုင်အားဖြင့် ၁၁၂၁ ဒသမ ၆၆ ကျယ်ဝန်းပြီး အရှေ့ဘက်တွင် ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်၊ အနောက်ဘက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ သာယာဝတီမြို့နယ်၊ တောင်ဘက်တွင် ကဝမြို့နယ်၊ မြောက်ဘက်တွင် ဒိုက်ဦးမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တို့ တည်ရှိသည်။ ပဲခူးမြို့သည် ပဲခူးမြစ်ကို အခြေပြုတည်ရှိပြီး ပဲခူးမြစ်သည် ရိုးမပေါ်ရှိ ဆင်နှာမောင်းတောင်တွင် ဖြစ်ဖျားခံကာ တောင်ဘက်တွင်ရှိသော ရန်ကုန်မြစ်အတွင်းသို့ စီးဆင်းသွားသည်။ ရိုးမမြောက်ဘက်တွင် မြစ်ဖျားခံသော ကိုလူကွဲချောင်း၊ လက်ပံချောင်း၊ အောင်မြချောင်း၊ ရွှေလောင်းချောင်းနှင့် စလူချောင်းတို့သည်လည်း ပဲခူးမြစ်အတွင်းသို့ ပေါင်းစုံစီးဆင်းပြီး မဇင်းချောင်း၊ ဇလက်ထော်ချောင်းနှင့် ဝင်းဘောဒတ်ချောင်းတို့သည်လည်း ပဲခူးမြစ်အတွင်းသို့ စီးဝင်ကြသည်။

ပဲခူးမြို့သည် မြေနိမ့်ပိုင်းဒေသတွင် တည်ရှိသည့်အတွက် မြစ်ရေကြီးမှုကို ကြုံတွေ့ရလေ့ရှိပြီး မြို့၏ စိုးရိမ်ရေအမှတ်သည် ၈၀၀ စင်တီမီတာဖြစ်၍ မိုးရာသီတွင် ပဲခူးမြစ်ရေတိုးသည့်အတွက် ရေဘေးအန္တရာယ်ကိုလည်း ရင်ဆိုင်ရလေ့ရှိရာ ဆည်တမံများသည် ရေကြီးရေလျှံဖြစ်ပေါ်မှုနှင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုကို နှစ်စဉ်ကာကွယ်ပေးလျက်ရှိသည်။

ပဲခူးခရိုင်အတွင်းရှိ စိုက်ခင်းများ ဆည်ရေမပြတ်ရရှိစေရန်နှင့် သန့်ရှင်းသော သောက်သုံးရေအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနေသည့် မဇင်းဆည်တမံနှင့် စပ်လျဉ်း၍ ပဲခူးမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မျိုးနိုင်က ယခုလို ပြောကြားပါသည် –

> **သဘာဝပတ်ဝန်းကျင်ကောင်းများ ဝန်းရံနေသော ပဲခူးတိုင်းဒေသကြီးတွင် နှစ်သီးစားမှ သုံးသီးစားအဖြစ် ရာသီမပြတ် စိုက်ပျိုးထုတ်လုပ်နိုင်မှုသည် ဆည်တမံများ၏ အကျိုးကျေးဇူးကြောင့်ဖြစ်ပြီး 'စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား' ဟူသော အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှု၏ လင်းရောင်ခြည်များ ယှက်သန်းလာခြင်းပင်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်အတွက် အရေးပါသည့် စိုက်ပျိုးရေးကဏ္ဍတွင် အောင်မြင်တိုးတက်လာခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်ရတနာများ ပွင့်လန်းလာခြင်းဖြစ်ပြီး ထိုသို့ အောင်မြင်မှုပန်းရနံ့များ သင်းပျံ့လာမှုသည် ဥဿုမြေမှ ဆည်တမံများ၏ ဂုဏ်ယူဖွယ် စွမ်းဆောင်ရည်များပင်ဖြစ်**



ကြည်လင်သန့်ရှင်းမှုကြောင့် မြို့ပြသောက်သုံးရေအတွက် အကျိုးပြုသည့်အပြင် စိုက်ပျိုးရေကိုလည်း ပေးဝေလျက်ရှိသည့် မဇင်းရေလှောင်တမံကို တွေ့ရစဉ်။

"ပဲခူးမြို့နယ်မှာ ကိုယ်ထူကွဲ၊ စလူ၊ ရွှေလောင်း၊ မဇင်း၊ အလိုင်နီ၊ ရွှေပြည်သုံး၊ ဝါးကတုတ်နဲ့ ဇလပ်ထော် ရေလှောင်တမံဆိုပြီး ရေလှောင်တမံရှစ်ခု ရှိပါတယ်။ အဲဒီထဲကမှ ဝါးကတုတ်၊ မဇင်း၊ ဇလပ်ထော်၊ အလိုင်နီနဲ့ ရွှေပြည်သုံး ရေလှောင်တမံငါးခုကို တာဝန်ယူဆောင်ရွက်ရပါတယ်။ မဇင်းရေလှောင်တမံဟာ ကန်ရေပြည့်သိုလှောင်မယ်ဆိုရင် ၂၆၁၈၆ ဧကပေ ဝင်ဆံ့ပါတယ်။ လက်ရှိမှာ ရာနှုန်းပြည့်သိုလှောင်ထားပြီး အကျိုးပြုဧက ၆၅၀ ကို ရေပို့လွှတ်နိုင်ပါတယ်။ မဇင်းရေလှောင်တမံရဲ့ အဓိကရည်ရွယ်ချက်က မိုးတွင်းကာလမှာ ရေကြီးရေလျှံထိန်းသိမ်းမှုနဲ့ နွေစပါးစိုက်ခင်းရေပေးဝေဖို့ဖြစ်ပြီး နွေစပါးဧက ၆၅၀ ကို ရေပေးဝေဖို့ဖြစ်ပါတယ်။ ပဲခူးမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးရာသီမှာ စိုက်ဧက ၁၉၈၆၀ စိုက်ပျိုးခဲ့ပြီး နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ၂၀၂၄-၂၀၂၅ ခုနှစ်မှာ နွေစပါး ၂၆၃၂၅ ဧက လျာထားခဲ့တာကြောင့် မနှစ်ကထက် နွေစပါး ၆၄၆၅ ဧက ပိုမိုတိုးတက် စိုက်ပျိုးနိုင်တဲ့သဘောပါ။

"ပဲခူးတိုင်းအရှေ့ခြမ်း၊ အနောက်ခြမ်းမှာ ဖြစ်နိုင်ရင် ဆည်ရေသောက်ဧက အားလုံးမှာ သုံးသီးစား စိုက်ပျိုးဖို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က မှာကြားထားတဲ့အတွက် ၂၀၂၃ ခုနှစ်ကစပြီး အကောင်အထည်ဖော်ခဲ့တာ ဒီနှစ်ဆိုရင် နှစ်နှစ်မြောက်ရှိပါပြီ။ ဒီရာသီက ပထမသီးနှံဖြစ်တဲ့ မိုးစပါးရိတ်သိမ်းခဲ့ပြီး ဒုတိယသီးနှံဖြစ်တဲ့ ပဲတီစိမ်း၊ မတ်ပဲ၊ မြေပဲတို့ကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပါတယ်။ တတိယသီးနှံဖြစ်တဲ့နွေစပါးကိုတော့ ဖေဖော်ဝါရီ ၁ရက်ကစပြီး စိုက်ပျိုးသွားကြမှာပါ။ အချိန်မီအောင် သက်တမ်းတို ရက် ၉၀ စပါးစိုက်ကြပါတယ်။ တည်ဆောက်ထားတဲ့ ဆည်တမံတွေက တောင်သူနဲ့ ပြည်သူတွေအတွက် အကျိုးကျေးဇူးများစွာ ရရှိနေပါတယ်။ မိုးတွင်းကာလမှာဆိုရင် ဆည်တမံတွေဟာ မိုးရေကို ထိန်းသိမ်းထားတဲ့အတွက် ရေကြီးရေလျှံမှုတွေကို ကာကွယ်ပေးပြီး နွေရာသီဆိုရင် နွေစပါးစိုက်ခင်းအတွက် ရေပေးဝေတာကြောင့် နိုင်ငံအတွက်လည်း အကျိုးကျေးဇူးရရှိစေပါတယ်။ ဆည်တမံတွေမရှိဘူးဆိုရင် နွေစပါးအတွက် အခက်အခဲရှိပြီး ရေလှောင်တမံတွေက ရေပေးဝေနိုင်မှသာ စိုက်ပျိုးမှုအဆင်ပြေစေပါတယ်။ နွေစပါးရာသီမှာ ရာသီဥတုဖျက်ဆီးမှုနည်းပါးတဲ့အတွက် တစ်ဧကကို အနည်းဆုံးတင်း ၁၀၀ ထွက်ရှိကြပါတယ်။ ဒီဒေသဟာ ရာသီဥတုအနှောင့်အယှက်မရှိတဲ့အတွက် နွေစပါး အထွက်နှုန်းကောင်းပြီး တောင်သူတွေ အားထားစိုက်ပျိုးတဲ့ နွေစပါးကို ဆည်ရေရရှိမှုနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာတာဟာ တိုင်းဒေသကြီးအတွက် အားရစရာပါ။ စိုက်ပျိုးရေးကဏ္ဍမှာ နိုင်ငံတော်အကြီးအကဲနဲ့ တိုင်းဒေသကြီးအစိုးရရဲ့ လမ်းညွှန်မှု၊ မြို့နယ် စိုက်/ကြပ်အဖွဲ့ရဲ့ တိုက်တွန်းနှိုးဆော်မှုတွေကြောင့် စိုက်ဧကတွေ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာတာဟာ အားရစရာပါပဲ။

" ဒီနှစ်မှာ ဌာနက မုန်တိုင်းနဲ့ပတ်သက်ပြီး သတိထားရမယ့်အချက်တွေကို ကြိုတင်ထုတ်ပြန်ညွှန်ကြားတဲ့အတွက် မုန်တိုင်းမတိုင်မီ ကာလကတည်းက ရေထုတ်ပြွန်ကနေ သင့်တော်တဲ့ ဆည်ရေပမာဏကို ရေထုတ်လျှော့ချထားနိုင်ခဲ့ပြီး မုန်တိုင်းဖြစ်နေတဲ့ကာလမှာလည်း ရေလှောင်တမံတွေကို ပိတ်ထားနိုင်ခဲ့ပါတယ်။ မိုးရွာတဲ့အခါမှာ ဆည်တမံထဲ သိုလှောင်ထားနိုင်ခဲ့တဲ့အတွက် မိုးရာသီမှာ ပဲခူးအရှေ့ဘက်ခြမ်းကျေးရွာတွေကို ရေဝင်ရောက်မှုမရှိဘဲ မုန်တိုင်းရဲ့ အကျိုးသက်ရောက်မှုကို ကြီးကြီးမားမား မကြုံတွေ့ခဲ့ရပါဘူး။ မဇင်းဆည်တမံဟာ မြို့သောက်သုံးရေအတွက် တစ်ရက် ရေဂါလန်သန်းပေါင်း ၁၁ သန်းပေးနိုင်ဖို့ ဆောင်ရွက်နေတဲ့ ဆည်တစ်ခုလည်းဖြစ်ပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းတွေအနေနဲ့ မြို့ပြပြည်သူနဲ့ စိုက်ပျိုးတောင်သူတွေအတွက် ဆည်တမံတွေကနေ အကျိုးရှိရှိ အကျိုးပြုနိုင်မှုအပေါ် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

" ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း ရေပို့လွှတ်နိုင်တဲ့ စိုက်ပျိုးမြေမှန်သမျှ ချန်လှပ်မထားဘဲ စိုက်ပျိုးဖို့ လမ်းညွှန်ထားတဲ့အတွက် စိုက်/ကြပ်အဖွဲ့က ကွင်းဆင်းပြီး တောင်သူတွေကို ဧကပြည့် စိုက်ပျိုးဖို့ တိုက်တွန်းအားပေးထားတာကြောင့် ယခုနှစ် နွေစပါးကို ဧကပြည့် စိုက်ပျိုးဖို့လျာထားတာကို တွေ့ရမှာပါ။ နွေစပါးကို ဖေဖော်ဝါရီ ၁ ရက်မှာ စစိုက်ပြီး ဧပြီလအထိ သုံးလသက်တမ်း ရက် ၉၀ စပါးကို အဓိကစိုက်ကြပါတယ်။ ရိတ်သိမ်းကာလက ဧပြီလကုန်အထိပါ။ နွေစပါးအတွက် ဆည်ရေကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က စလွှတ်ပြီး ဧပြီလကုန်အထိ ပေးဝေသွားမှာပါ။ နွေစပါးအောင်ရေကို ဒီဒေသမှာ ဆည်ရေသောက်စနစ်နဲ့ ရေလုံလောက်စွာပေးဝေနိုင်ဖို့ ရေမြောင်းပြုပြင်မှုလုပ်ငန်းမှာ စိုက်ပျိုးတောင်သူတွေ၊ WUG ရေအသုံးချမှုအဖွဲ့နဲ့ ကျွန်တော်တို့ဌာန ပူးပေါင်းပြီး တက်တက်ကြွကြွ ဆောင်ရွက်လေ့ရှိပါတယ်။ ဆည်ရေလုံလောက်စွာနဲ့ စိုက်ပျိုးနိုင်ကြတဲ့အတွက် ဌာနကို နွေစပါးစိုက်တောင်သူများက အထူးကျေးဇူးတင်ကြပါတယ်။

"မဇင်းရေလှောင်တမံ တူးမြောင်းမကြီးကနေ နွေစပါးအတွက်ရေပေးဝေပြီး မိုးတွင်းကာလမှာ သတ်မှတ်တဲ့ရေပမာဏ ပြည့်သွားရင် ရေပိုလွှဲကတစ်ဆင့် ပိုလျှံရေတွေကို မူလမဇင်းချောင်းထဲ ပို့လွှတ်ပါတယ်။ မဇင်းချောင်းကိုအမှီပြုပြီး ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ သီးနှံစိုက်တောင်သူတွေအတွက်လည်း အဆင်ပြေစေပါတယ်။ ဆည်တမံကနေ ရေပေးမြောင်းမကြီးတစ်လျှောက် လက်တံမြောင်းခွဲ(၁)၊ (၂)၊ (၃) အဲဒီကနေတစ်ဆင့် လယ်ကွက်တွေထဲ ရောက်ပါတယ်။ ပဲခူးမြို့နယ်ဘက်တွေလည်း ရောက်ပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ မိုးတွင်းကာလမှာ ရေကြီးရေလျှံမှုထိန်းသိမ်းစေဖို့နဲ့ နွေစပါးရာသီမှာ ရေပေးဝေဖို့ဖြစ်ပါတယ်။ မဇင်းဆည်တမံကနေ မြို့တွင်းသောက်သုံးရေ ပေးဝေဖို့ကတော့ သက်ဆိုင်ရာအဖွဲ့တွေ ကြိုးပမ်းဆောင်ရွက်နေကြဆဲ ဖြစ်ပါတယ်။ ပဲခူးမြို့ကို လောလောဆယ် ကန်တော်ကြီးက ရေပေးဝေနေပြီး မဇင်းဆည်ဟာ နွေစပါးအပြင် မြို့ပြသောက်သုံးရေပေးဝေဖို့ ရေအလုံအလောက်ရှိတဲ့ ဆည်တစ်ခုလည်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးဟာ စိုက်ပျိုးရေးနဲ့မွေးမြူရေးကဏ္ဍမှာ နိုင်ငံအတွက် ဧရာဝတီနဲ့ ရန်ကုန်တိုင်းဒေသကြီးလို အောင်မြင်ဖြစ်ထွန်းတဲ့ ဒေသတစ်ခုဖြစ်လာတာကြောင့် 'စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား' ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တောင်သူတွေစိုက်ပျိုးထုတ်လုပ်မှု လိုအပ်သမျှ ဆည်ရေကို အချိန်နဲ့အမျှ ပေးဝေနိုင်အောင် ဌာနအနေနဲ့အစွမ်းကုန် ဆက်လက်ဆောင်ရွက်သွားမှာပါ" ဟု ပြောကြားပါသည်။

ပဲခူးမြို့၏ အဓိကထွက်ကုန်ဖြစ်သော ဆန်စပါးကို ရန်ကုန်မြို့သို့ အများဆုံးတင်ပို့လျက်ရှိသည်။ ပဲခူး မြို့တွင် နွေစပါး၊ မိုးစပါးနှင့် ဆောင်းသီးနှံတို့အပြင် နှစ်ရှည်သီးနှံနှင့် ဈေးကွက်ဝင်သီးနှံတို့ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ရာသီမပြတ် စိုက်ပျိုးထုတ်လုပ်ရန် ဖော်ဆောင်နိုင်မှုသည် တိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

မွေးမြူရေးကဏ္ဍတွင်လည်း မွေးမြူရေးဇုန်များမှ မွေးမြူထုတ်လုပ်လျက်ရှိသည့်အပြင် ငါး/ပုစွန်မွေးမြူမှုနှင့် ရေချို/ရေငန် ငါးဖမ်းလုပ်ငန်းတို့မှ အသားထုတ်လုပ်သည်အထိ အောင်မြင်လျက်ရှိပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတို့ကို ဟန်ချက်ညီစွာ လုပ်ဆောင်နေသည်။

သဘာဝပတ်ဝန်းကျင်ကောင်းများ ဝန်းရံနေသော ပဲခူးတိုင်းဒေသကြီးတွင် နှစ်သီးစားမှ သုံးသီးစားအဖြစ် ရာသီမပြတ် စိုက်ပျိုးထုတ်လုပ်နိုင်မှုသည် ဆည်တမံများ၏ အကျိုးကျေးဇူးကြောင့်ဖြစ်ပြီး 'စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား' ဟူသော အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှု၏ လင်းရောင်ခြည်များ ယှက်သန်းလာခြင်းပင်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်အတွက်အရေးပါသည့် စိုက်ပျိုးရေးကဏ္ဍတွင် အောင်မြင်တိုးတက်လာခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်ရတနာများ ပွင့်လန်းလာခြင်းဖြစ်ပြီး ထိုသို့ အောင်မြင်မှုပန်းရနံ့များ သင်းပျံ့လာမှုသည် ဥဿုမြေမှ ဆည်တမံများ၏ ဂုဏ်ယူဖွယ် စွမ်းဆောင်ရည်များပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် မြိုင်ကြီးငူ - မင်္ဂလာမြို့ဦးစေတီတော်မြတ် ထီးတော်တင်လှူပူဇော်

**ဘားအံ ဇန်နဝါရီ ၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသ မူလမြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇနအား ဦးထိပ်ထား၍ မြိုင်ကြီးငူအထူးဒေသ ကံ့ကော်မြိုင်ရပ်ကွက်၌ တည်ထားကိုးကွယ်တော်မူသော မြိုင်ကြီးငူ-မင်္ဂလာမြို့ဦး စေတီတော်မြတ် ထီးတော်တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်ပရိဝုဏ်၌ ဆင်ယင်ကျင်းပသည်။



ရွှေထီးတော်တင်လှူပူဇော်ပွဲသို့ မြိုင်ကြီးငူ နန်းဦးဘေးမဲတောရတိုက်ကျောင်း ဦးစီးပဓာနနာယက ဒုတိယမြိုင်ကြီးငူဆရာတော် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ သီရိပျံချီဘဒ္ဒန္တဉာဏိက အမှူးပြုသော ဆရာတော်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မြိုင်ကြီးငူနန်းဦးဘေးမဲတောရတိုက်ကျောင်း ဦးစီးပဓာနနာယက ဒုတိယ မြိုင်ကြီးငူဆရာတော် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ သီရိပျံချီဘဒ္ဒန္တဉာဏိကအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဘုရားဒါယကာများက စေတီတော် အထွတ်တွင် တင်လှူပူဇော်မည့် ရတနာရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့်အရံစေတီထီးတော်များကို စေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် ဒုတိယမြိုင်ကြီးငူဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ရွှေထီးတော် ဘုံအဆင့်ဆင့်ကို စေတီတော်အထွတ်သို့ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူပူဇော်ကြပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြကာ ဆရာတော် သံဃာတော်များက “ဇယန္တော ဗောဓိယာ မူလေ” အစချီအောင်ဂါထာကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြ၍ ရတနာရွှေမိုး ငွေမိုးများရွာသွန်းဖြိုးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

# မုံရွာမြို့နယ်မှ အရာတော်မြို့နယ်သို့လာသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်ကာမြောက်ကျေးရွာမှ ပြည်သူ ၃၀ ကျော်အား ဖမ်းဆီး၍ မိုင်းရှင်းခိုင်းသဖြင့် ပြည်သူငါးဦး မိုင်းထိဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှ အရာတော်မြို့နယ်သို့ စစ်ကြောင်းထိုးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်ကာမြောက်




ကျေးရွာမှ ပြည်သူ ၃၀ ကျော်အား ဖမ်းဆီး၍ မိုင်းရှင်းခိုင်းသဖြင့် ပြည်သူငါးဦး မိုင်းထိဒဏ်ရာများရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းဖြစ်စဉ်မှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများပျက်ပြားစေရန်အတွက် ဌာနဆိုင်ရာအဆောက်အဦများကို Drop Bomb ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေသည့်အပြင် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသော အကြမ်းဖက်သမားများအား လိုက်လံတိုက်ခိုက်လျက်ရှိပြီး ပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရန်အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ကလော ဇန်နဝါရီ ၉**

ကလောမြို့နယ် စည်ပင်သာယာရေးဌာနပိုင် ကလောမြို့မဈေး၌ ယနေ့နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဈေးမီးဘေးလုံခြုံရေးစီမံချက်နှင့်အညီ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်သည်။

အဆိုပါ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ဈေးသူ၊ ဈေးသားများ ပူးပေါင်းပြီး လက်တွေ့လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်း၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့အား သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **စိုးလင်း (တောင်ကြီး)**

❖ *ကျောဖုံးမှ*

ဗိုလ်လုပွဲ တက်လှမ်းနိုင်ရေး အခွင့်အရေးကောင်း ပိုင်ဆိုင်နိုင်ရန် နှစ်သင်းစလုံး အားထားရသည့် ကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာသည့်အတွက် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ အိမ်ရှင်စပါးအသင်းထက် လီဗာပူးအသင်းက ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးများနှင့်အတူ ပိုမိုကောင်းမွန်သည့် ကစားဟန်ဖြင့် ယှဉ်ပြိုင်ကစားနိုင်ခဲ့သည်။

စပါးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ဆိုလန်ကီ၏ ဖန်တီးမှုမှတစ်ဆင့် ဘာ့ဂ်ဘောက သွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် သာလွန်သည့် ကစားဟန်ဖြင့် ယှဉ်ပြိုင်ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ချေ။

လီဗာပူးနှင့် စပါးအသင်းတို့၏ ကာရာဘောင်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၇ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

❒ *ကျောဖုံးမှ*

ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာ သရေကျခဲ့သည်။ လက်ရှိချန်ပီယံ VUC အသင်းသည် Generations အသင်းကို အရေးနိမ့်ပြီး နှစ်ပွဲဆက် အရေးနိမ့်သော်လည်း MIU အသင်းသည် လေးပွဲဆက်အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ပွဲစဉ်(၄) တွင် MIU အသင်းက Winner Soccer အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဖူဆယ်ချစ်သူအသင်းက SGF အသင်းကို ခြောက်ဂိုး - ဂိုးမရှိ၊ Generations အသင်းက VUC အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး MH Dream Team အသင်းနှင့် YRG အသင်းတို့က နှစ်ဂိုးစီသရေ၊ M2K အသင်းနှင့် YCDC Marga အသင်းက သုံးဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ် (၄) အပြီးတွင် MIU အသင်းက ၁၂ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး MH Dream Team အသင်းနှင့် Generations အသင်းတို့က ရှစ်မှတ်စီ၊ M2K အသင်းက ငါးမှတ်၊ VUC အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် YCDC Marga တို့က လေးမှတ်စီ၊ YRG အသင်းနှင့် SGF အသင်းတို့က သုံးမှတ်စီ၊ Winner Soccer အသင်းက နှစ်မှတ်ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**




**မီးခိုးမြူငွေ့အန္တရာယ်ကင်းစင်ရေး အမျိုးသမီးများ၏ကဏ္ဍ မြှင့်တင်ပေး ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၉ ရက်က သန်လျင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူသန့်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စမ်းစမ်းစိမ့်တို့က အသိပညာပေးဆွေးနွေးစဉ်။**

သန်းဝင်း (သန်လျင်)

❍ *ကျောဖုံးမှ*

ဖေဖော်ဝါရီ ၂၃ ရက်တွင် မြန်မာအသင်းနှင့် နီပေါအသင်း၊ ကာဂျစ္စတန်အသင်းနှင့် လက်ဘနွန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက ကိုင်တွယ်လျက်ရှိပြီး ပဏာမကစားသမား ၃၂ ဦးဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ အာရှဖလားအမျိုးသမီးခြေစစ်ပွဲနှင့် ထိုင်းဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နီပေါဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

**၉ - ၁ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** (ညီညီ - စုစည်းသည်)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၁၈၅ | ၁၅၃၅၅၀၀ |
| MTSH | ၃၁၅၀ | ၃၂၀၀ | ၇၂၈ | ၂၂၉၄၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀ | ၁၉၀၀ | ၁၅၆၀ | ၂၉၆၄၀၀၀ |
| TMH | ၃၁၀၀ | ၃၁၀၀ | ၁ | ၃၁၀၀ |
| EFR | ၁၇၀၀ | ၁၆၅၀ | ၆၈၂ | ၁၁၄၀၆၅၀ |
| AMATA | ၄၂၀၀ | ၄၃၀၀ | ၄၀၅ | ၁၇၀၁၅၀၀ |
| MAEX | ၃၂၀၀ | ၃၂၀၀ | ၂၃၀ | ၇၃၅၅၀၀ |
| MADPL (PLB) | ၃၁၀၀ | ၃၀၅၀ | ၁၃၉၄ | ၄၂၅၁၂၂၁၀ |

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဇန်နဝါရီ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့ ရွာသစ်ကျေးရွာအနီး၌ တရားမဝင် ရေနံစိမ်း ၄၆၈ ဂါလန်နှင့် ဆက်စပ်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ Nissan Note မော်တော်ယာဉ်တစ်စီးနှင့် Nissan AD Van မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၁ ပီပါ၊ ဓာတ်ဆီပီပါ ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၀၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ ပဲခူးမြို့ မော်ကန်ရပ်ကွက်နှင့် ရှင်စောပုရပ်ကွက်တို့၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၈၉၅၅၀၀) နှင့် ပြည်မြို့ ဆံတော်ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၃၂၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၅၅၄) ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Toyota Landcruiser Parado မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၅၆၃၀၅၄ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်



၃၃၇၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၄၅၈၁၀၆) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း တံတားဦးအဝိုင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၉၂၈၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၈၈၂၁၈၇) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Nissan Diesel Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၆၄၉၅၇၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောင်းမြမြို့နယ်၌ လိုင်စင်မဲ့ TYM-110 မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သထုံခရိုင် ဇင်းကျိုက်မြို့နယ်၌ လိုင်စင်မဲ့ Hond Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၆၁၈၁၇) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီးနှင့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၀ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၆၃၀၂၈၆၅) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၃၁၅၉၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၂၆၆၈၅၈၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၀၀၆၂၀၉)ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**




## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော်  ဇန်နဝါရီ ၉**


ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၁၁-၁-၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၂) တွင်** ဖြူကောင်လေး ဥဥကို သူငယ်ချင်းများနှင့်အတူ ပျော်ရွှင်စွာ ကစားနိုင်ရန် ကြွက်ညိုက ကူညီပေးလိုက်ပုံအကြောင်း သရုပ်ဖော်ထားသည့် "ဥဥနဲ့ သူငယ်ချင်းများ" မျက်နှာဖုံးကာတွန်း၊ လူ့ခန္ဓာကိုယ်ထဲရှိ နှလုံး၏ လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း ကလေးတို့ ဗဟုသုတဖြစ်ဖွယ် ဖတ်ရှုရမည့် "နှလုံး ကျန်းမာရေး၏ အရေးပါပုံ" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မည့် ဉာဏ်စမ်းကဏ္ဍ၊ ဘိုးဘိုးက မြေးအငယ်အပေါ်အလွန်ချစ်ကြောင်းကို ပြောပြလိုက်သော ကိုကိုနှင့် ညီလေး ဂျိုးဂျိုး အကြောင်း သရုပ်ဖော်ထားသည့် "ကီးကီး၊ ဂျိုးဂျိုးနှင့် ငုံးဥပုပ်" နှစ်မျက်နှာကာတွန်း၊ အမှိုက်များကို မြို့နယ်စည်ပင်သာယာက သတ်မှတ်ပေးထားသော အမှိုက်ပုံးထဲတွင်သာ စည်းကမ်းတကျ စွန့်ပစ်ပါတော့မည်ဆိုသော ကျော်ဇင်ထွန်းအကြောင်း ဖတ်ရှုရမည့် "ကြွပ်ကြွပ်အိတ်ထဲမှာ အမှိုက်တွေရှိတယ်" ဝတ္ထုကဏ္ဍ၊ တီကောင် တွေ့ရမည့်နေရာကို ပြောပြလိုက်သော ပန်ပန်အကြောင်း သရုပ်ဖော်ထားသည့် "ပန်ပန်နှင့် တီကောင်" တစ်မျက်နှာကာတွန်း၊ ကျေးငှက်တို့၏ သဘာဝအလှများအကြောင်း ဖော်ကျူးရေးဖွဲ့ထားသည့် ဆရာ မြစိုးသန်း (ရွှေပြည်သာ) ၏ "သူတို့အလှ သူတို့ဘဝ" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ရွှေသွေးတို့လက်ရာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင်ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ပွဲ

# ကုသိုလ်ပြုနိုင်ရေးနှိုးဆော်လွှာ



ဒါနကုသိုလ်ပြုမယ်

ရွှေတိဂုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း

70349401001

Call Center : 3211 www.kbzpay.com

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ သဒ္ဓါကြည်လင် ပါရမီရှင်များမှ သဒ္ဓါတရားနည်းများမဆို ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်အတွက် ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းအစီအစဉ်တွင် KBZ Pay မှလည်း QR Code ဖတ်၍ကုသိုလ်တော်ပါဝင်၍ လှူဒါန်းနိုင်ပါကြောင်းနိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။


## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အထက(တံခွန်တိုင်) Grade-11မှ မသဇင်မွေး၏ ဖခင်အမည်မှန်မှာ ဦးသန်းစိုး ၁၀/မဒန(နိုင်)၂၁၆၇၈၀ ဖြစ်ပါကြောင်း။

**ဦးသန်းစိုး**

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ တီတွတ်ပြင်ကျေးရွာ၊ အမက(၂) G-4 တွင် ပညာသင်ကြားနေသော မသော်ဇင်ဦးနှင့် မောင်မြတ်မင်းခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးအညမ့် ၁၃/နခန(နိုင်)၁၀၀၁၀၇ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ကံ့ကော်အိမ်ကိုယ်ပိုင် မူလတန်းကျောင်း၊ Grade-1 တွင်ပညာသင်ကြားနေသော မောင်ဉာဏ်စစ်လင်းထက်၏ မိဘအမည်မှန်မှာ ဦးခင်မောင်ထွန်း ၉/အမရ (နိုင်)၀၀၃၇၄၀ - ဒေါ်ခင်မျိုးသိန်း ၉/အမရ(နိုင်)၁၀၀၂၇၉ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ထွန်း-ဒေါ်ခင်မျိုးသိန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) (ဂျမ်းလုံ) ကျောင်းမှ အထက်တန်းပြ ဆရာမဖြစ်သူ ဒေါ်အေးသန္တာအောင် (ခ) ဒေါ်အေးအေးချစ် ၉/ဝတန(နိုင်) ၁၀၉၀၆၈မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်အေးသန္တာအောင်(ခ)**
**ဒေါ်အေးအေးချစ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ မြေကွက်အမှတ်(၁၃၁) ဟုခေါ်တွင်သော အလျားxအနံ (၃၀'x၆၀')ပေ အမြင့် (၁၅)ပေရှိသော (ပထမထပ်) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မကြီး (၁၂/ကတတ(နိုင်)၀၁၀၂၆၆) ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးလားရမ်းပန်မောရာ (၅/ကလထ(နိုင်)၁၁၅၁၁၄) ထံသို့ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးရန်နိုင်ကျော် (၁၂/ကတတ(နိုင်)၀၀၀၉၃၄)၊ ဒေါ်သီဂီထွန်း (၁၂/ကမန(နိုင်)၀၀၀၀၆၃)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်တွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၊ အမှတ်(၃) ပုဂံမျှော်ရပ်ကွက်၊ (၁၁)လမ်းနေ ဦးမျိုးဇော်ဇော်အောင် (၈/မဘန(နိုင်) ၀၈၆၃၀၅) ၏ ဖခင် ဦးမျိုးမြင့်ရွှေနှင့် ဦးမျိုးညွန့်ရွှေမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မိခင် ဒေါ်ရင်နွဲ့နှင့် ဒေါ်ယဉ်နွဲ့မှာလည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း၊ ဦးမျိုးဇော်ဇော်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၅-၁၉၈၄) ဖြစ်ပါကြောင်း။

**ဦးမျိုးဇော်ဇော်အောင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဆ)ရပ်ကွက်၊ အကွက်အမှတ် ၈ေ-၂၂၊ ဦးပိုင်အမှတ်(၅၈)၊ ၆၈x၆၉ကြား၊ ၁၃၁x၁၃၂လမ်းကြားရှိ မြေကွက်အား ဒေါ်ခင်ညိုအေး အမည်ဖြင့် ချထားပေးခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်ခင်ညိုအေး ကွယ်လွန်၍ အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးမြင့်သိန်း ၉/မရမ(နိုင်)၀၁၈၁၅၆က အမှုတွဲအမှတ်(၆၀၉၂/၂၀၂၄-၂၀၂၅)ဖြင့် ဂရန်သစ်၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ရေပြင်ကျေးရွာ (ဘ) ဦးသန်းထွန်း၏သား မောင်စိုးလင်းအောင် ၈/အလန(နိုင်)၂၅၁၄၄၆၏ နိုင်ငံကူးလက်မှတ် MH-003356မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၁၅၄၈၁၀**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ပန်းလည်ကျေးရွာ (ဘ) ဦးစန်းကျော်ဦး၏သမီး မအိအိချော ၈/ဆပဝ(နိုင်)၁၂၂၆၂၇၏ နိုင်ငံကူးလက်မှတ် MD-844700 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၁၅၄၈၁၀**

## အမည်ပြောင်း

တောင်သာမြို့၊ အမှတ်(၄) ဈေးရပ်၊ မင်းစု အထက(Grade-9)မှ ဦးမျိုးမြင့်ဦး ၉/တသန(နိုင်) ၁၁၅၄၆၄ ၏သား မောင်ဖွဲ့ရန်နိုင် ၉/တသန(နိုင်)၂၆၇၆၀၈ အားယနေ့မှစ၍ မောင်ဖွဲ့ဝေယံဖြိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖွဲ့ဝေယံဖြိုး**

## အမည်မှန်

ရွှေဘိုမြို့နယ်၊ ကျောက်မြောင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဝင်အမှတ် က-၁၆၈၁ ဖြင့် ပညာသင်ကြားခဲ့သည့် (ဘ) ဦးကျော်ခင်၏သား မောင်ဇော်၏ အမည်မှန်မှာ မောင်သိန်းသန်းဦး ဖြစ်ပါ ကြောင်း။

**မောင်သိန်းသန်းဦး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဇေယျာသီရိနယ်မြေ၊ ဇေယျာ(၂)ရပ်၊ အောင်သပြေ(၄)လမ်း၊ မြေကွက် အမှတ် (၁၄၈၁)၊ ဧရိယာ ပေ(၄၀x၆၀) (၀.၀၅၅)ဧကရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ် ထားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အုန်းနွဲ့(ဘ)ဦးအောင်သိန်း ၁၀/မလမ(နိုင်)၀၇၆၆၀၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာဦး (ဘ) ဦးကျော်အေး ၃/ကကရ(နိုင်)၂၅၀၄၁၇မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်၍ ယင်းမြေကွက်ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းလတ် (B.Sc (Chem), PGDL) အထက်တန်းရှေ့နေ**
**စဉ်-၅၄၃၈၀ (၂၀၂၁)**
**အမှတ် (၂၆)၊ မျက်တန်းလမ်း၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ ဖုန်း - ၀၉-၅၆၇၀၅၂၇၊ ၀၉-၇၈၅၆၇၀၅၂၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မရပ် ကွက်၊ စံပယ်လမ်း၊ မြေကွက်ကြီး အမှတ် ၈/၂၊ မြေကွက်ငယ်အမှတ်(၅၉၆)၊ ဦးပေါ်ဦးအမည်ပေါက် ဧရိယာ(၄၀ပေ x ၆၀ပေ)အနက်မှ ခြေရင်းခြမ်း(၂၀ပေ x ၆၀ပေ)၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းအေး ၁၂/လကန(နိုင်) ၂၈၁၄၇၇ထံမှ ဦးဇော်နိုင် ၉/တသန(နိုင်) ၂၆၈၄၀၂၈က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အပြည့်အစုံဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈)**
**တရားလွှတ်တော်ရှေ့နေ**
**စျ/၁၁၅၊ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၇၁၈၈၅၆၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၆၇၈၃၂ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဦးလွင် ၁၀/မလမ(နိုင်)၀၆၀၂၆၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၇၀၇၇၀ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာဝင်း ၇/ရတရ(နိုင်) ၁၁၄၅၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၂၈၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းအောင် ၁၀/မလမ(နိုင်) ၂၉၃၃၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ရောင်းရန်ကြော်ငြာစာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်း ၆၆
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၃၄

ဒေါ်အေးအေးနိုင် နှင့် ဒေါ်ခင်မာကျော်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၅၆/၂၀၂၄ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ရက်(၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၉ရက်) နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ် ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေသဇင်(၁)လမ်း၊ အမှတ်(၄၀၂)၊ အလျား(၄၀)ပေ x အနံ(၆၀)ပေရှိ ဦးဆန်းလွင် အမည်ပေါက် မြေချပါမစ်အမျိုးအစားမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော အလျား(၂၀)ပေ x အနံ(၆၀)ပေရှိ(ခေါင်းရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်အကျိုးခံစားခွင့်အရပ်ရပ်

**လေလံကြမ်းခင်းဈေးကျပ်သိန်း(၅၅၀၀၀၀၀၀/-)(ကျပ်သိန်းငါးရာ့ငါးဆယ်တိတိ)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရသိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွဲလွဲချက် ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်းရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိ သည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်-၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်း ပေးသွင်းရမည်။ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက် ဖြစ်လျှင် ပထမ ရုံးဖွင့်သည့်နေ့တွင် အပြေအကြေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(လှဦး)
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ် ၊ တရားမကြီးမှုအမှတ်-၁၀၁

ဒေါ်ဟန်ကြည် နှင့် ဦးလှဝေ
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၇)လမ်း၊ အမှတ်(၂၀၄)နေ ဦးလှဝေ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေး စေလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ သူတရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းစန္ဒာဦး)
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**




## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## မအူပင်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁

**ကွယ်လွန်သူ ဦးထွန်းဝင်း ၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ဘဝိုင်းကျေးရွာအုပ်စု၊ မအူချောင်းကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထွန်းဝင်း၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် ဦးသိန်းမောင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁၀ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်းဝင်း ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၁၀ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးသိန်းမောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မင်းလွင်)
**ခရိုင်တရားသူကြီး**
**မအူပင်ခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 19U/6646 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**က.ည.န၊ တိုင်းဒေသကြီးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/9821, TOYOTA PASSO KGC10, HATCH BACK (4x2) (R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းပန်းအိဖြူ ၁၀/ဘလန(နိုင်)၀၇၀၅၃၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သထုံ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ မြို့ချောင်းကျေးရွာ၊ ကွင်းအမှတ်(၆၂၆)၊ မြို့ချောင်းကွင်းရှိ ဒေါ်မိုးမိုးအောင် အမည်ဖြင့် မှတ်သားတည်ရှိသည့် ဦးပိုင်အမှတ်(၂၂/၁၊ က-၁)၊ မြေရိယာအကျယ်အဝန်း(၀ဒသမ ၂၃)ကေ နှင့်ဦးပိုင်အမှတ်(၂၂/၁ခ)၊ မြေရိယာအကျယ်အဝန်း(၀ဒသမ၃၄)ကေ၊ မြေစာရင်းပုံစံ(၈)၊ ဥယျာဉ်ခြံမြေ(G)အမျိုးအစား၊ စုစုပေါင်းမြေရိယာ အကျယ်အဝန်း(၀ဒသမ၅၇)ကေ အကျယ်မြေပေါ်ရှိ အိမ်နှင့်ခြံမြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးအောင် ၁၄/ပသန(နိုင်)၀၂၆၁၄၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာတင် ၁၂/ဥကတ(နိုင်)၀၀၉၃၀၇မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာတင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မြတ်မွန်ခိုင်(LL.B)** | **ဒေါ်စုရည်လှိုင်(LL.B)** | **ဒေါ်သင်းလဲ့လှိုင်(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၆၇၄၅)** | **(စဉ်-၁၈၇၄၅)** | **(စဉ်-၅၆၇၄၄)** |

**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/82188, TVS WEGO -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင့်ဆွေ ၈/ပမန(နိုင်) ၀၀၆၄၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်း အထက Grade- 10 မှ မောင်စွမ်းမင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးပု ၇/သကန(နိုင်)၀၈၃၀၄၀ ဖြစ်ပါကြောင်း။

**ဦးပု**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နေ ကျွန်တော် မောင်လင်းခထွဋ် ၁၄/ဖပန(နိုင်)၂၂၉၂၆၄၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ကို အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၈၀၆၄၉၂၅**

## ပတ်စ်ပို့ပျောက်ဆုံး

ဦးမြသန်း၏သား ကျွန်တော် ဦးမိုးသန်း ၉/မကန(နိုင်) ၀၂၁၆၂၇ ၏ နိုင်ငံကူးလက်မှတ် စာအုပ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါသည်။

**ဖုန်း-၀၉-၄၂၀၂၉၉၀၀၀**

## အမည်မှန်

ဦးမျိုးလှိုင် (၇/တငန (နိုင်) ၁၃၁၉၅၇)၏သား တောင်ငူမြို့ Junior Private School Grade-1 တွင် ပညာသင်ကြားနေသော မောင်ဟိန်းလင်းထက်၏ အမည်မှန်မှာ မောင်စွမ်းလင်းထွန်း ဖြစ်ပါကြောင်း။

## "(၄-၁-၂၀၂၅)ရက်စွဲပါမြန်မာ့အလင်းသတင်းစာတွင် ဒေါ်စီစီဝင်း(အထက်တန်းရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်နှင့်ပတ်သက်၍ ထပ်မံရှင်းလင်း ကန့်ကွက်တားမြစ်ကြော်ငြာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဦးဝင်းအောင်လေး၏ လွှဲအပ်ညွှန်ကြားချက်ဖြင့် သက်ဆိုင်သူများအားထပ်မံ ကန့်ကွက်တားမြစ် သတိပေးလိုက်သည်။

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်-၁၇၃၊ ပထမထပ် (ယာ)အခန်းနှင့်ပတ်သက်၍ ကျောက်တံတားခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၆၁/၂၀၂၃၏ စီရင်ချက်နှင့်ဒီကရီတွင် (၂၃-၂-၂၀၂၄)ရက်က အမိန့်ချမှတ်ထားသည်မှာ ဦးဝင်းအောင်လေးက ၎င်း၏သားသမီး(၃)ဦးအတွက် ရည်ရွယ်၍ အမွေပစ္စည်း အဖြစ်အပြီးအပိုင်ပေးရန်ဟုသာ ဖော်ပြထားပါသည်။ အစ္စလာမ့်တရားဥပဒေတွင် အမွေရှင်သက်ရှိထင်ရှားရှိနေပါက အမွေခံသည် မည်သည့်နည်းနှင့်မျှ အမွေရပိုင်ခွင့်မရှိသေးကြောင်း၊အမွေခံများနှင့် ရှေ့နေရှေ့ရပ်အားလုံးသိရှိပြီးဖြစ်သည်ကို ယုံကြည်ပါသည်။

အမွေရှင်ဖခင်ဦးဝင်းအောင်လေးသည် သက်ရှိထင်ရှားရှိနေပါကြောင်း ကာယကံရှင်သားသမီး (၃)ဦးနှင့် ၎င်းတို့၄ား ရမ်းထားသော ရှေ့နေရှေ့ရပ်များ သိရှိထားပါလျက် သားသမီး(၃)ဦးက အမွေပစ္စည်း လက်ဝယ်ရရှိခြင်းမရှိသေး၍လည်းကောင်း၊ ထိုသားသမီး(၃)ဦးအတွက် အငယ်ဆုံးသမီးဖြစ်သူ မထက်မဒီအောင်(ခ)ဖေရီဇာဘီသည် အရွယ်မရောက် သေးကြောင်း၊ သဘာဝအုပ်ထိန်းသူမည်သူဖြစ်ကြောင်း တရားရုံးတွင် အုပ်ထိန်းသူနှင့်အုပ်ထိန်းသူများအက်ဥပဒေအရ အုပ်ထိန်းသူခန့်အပ်ဆောင်ရွက်ရခြင်း မရှိသေးဘဲ ထင်သလိုလုပ်ခွင့်မရှိပါ။

ထိုပစ္စည်းကို သားသမီး(၃)ဦးက ရောင်းချခွင့်မရှိသလို၊ ဝယ်သူကလည်း ဝယ်ပိုင်ခွင့်မရှိပါ။ ထိုအခန်းကို ဦးဝင်းအောင်လေးက သားသမီး(၃)ဦးနေထိုင်ယုံသက်သက်ကိုသာ ခွင့်ပြုထားခြင်းဖြစ်ကြောင်း သိရှိပါလျက် (၄-၁-၂၀၂၅)ရက် ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်လေးက ပြင်းထန်စွာကန့်ကွက်ပါ ကြောင်း၊ ထိုသို့ကန့်ကွက်သည့်ကြားမှ အတင့်ရဲစွာ ထိုအခန်းကိုရောင်းဝယ်ခြင်း၊ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတို့ကို မည်သို့မျှပြုလုပ်ခွင့်မရှိကြောင်း၊ ပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်သူများကို ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နောက်ဆုံးအနေဖြင့်သတိပေးတားမြစ်လိုက်သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝင်းအောင်လေး** | **ဒေါ်နန်းကြည်မေ (LL.B,LL.M)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ် - ၇၃၂၁ (၈-၂-၂၀၀၅)** |
| | **အမှတ် - ၁၁၂(မြေညီ) ပတ္တမြားလမ်း(၃) ရပ်ကွက်၊** |
| | **ကမာရွတ်မြို့နယ်၊ ဖုန်း-၀၉-၄၄၀၇၁၉၀၉၇** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၅)၊ ဦးပိုင်အမှတ်(၃)၊ ၅၁x၅၂ကြား၊ မင်းကြီးရန်နောင်xသမိန်ဗရမ်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မောင်အေး ၉/မရတ(နိုင်) ၀၈၉၉၆၁က အမှုတွဲအမှတ်(၅၈၃၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၀၈)၊ ကျောက်ငူအကွက်၊ ဦးပိုင်အမှတ်(၃၄-ဃ)၊ ဧရိယာ(၀.၀၈၀)ကေ၊ ဦးပိုင်အမှတ်(၃၄-စ)၊ ဧရိယာ (၀ဒသမ၀၀၂)ကေရှိ ဒေါ်စွဲအင်း(ခ)ဒေါ်သန်းသန်းမြင့် အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၇)ရပ်ကွက်၊ ကျောက်ငူလမ်း၊ အမှတ်(၃၂၅၁)နေ ဦးကြည်အောင်မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ပုသိမ်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၁)၊ ဦးပိုင်အမှတ်(၆၁)၊ လမ်း ၉၀ နှင့် ၃၀(D)လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးမြင့်ကျော် ၉/မနတ(နိုင်) ၀၅၃၅၂၆၊ ဒေါ်ကြူကြူ ၉/မနတ(နိုင်)၀၅၁၈၁၁ တို့က အမှုတွဲအမှတ် (၅၈၃၅/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၁)၊ ဦးပိုင်အမှတ်(၆၂)၊ လမ်း ၉၀ နှင့် ၃၀(D)လမ်း ထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးမြင့်ကျော် ၉/မနတ(နိုင်) ၀၅၃၅၂၆၊ ဒေါ်ကြူကြူ ၉/မနတ(နိုင်) ၀၅၁၈၁၁ တို့က အမှုတွဲအမှတ် (၅၈၃၆/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဘုံရှည်ကုန်း ကျေးရွာ ၊ ညောင်ပင်သာလမ်း၊ အမှတ်(၉/၆/ခ)နေ ဦးညွန့်ဝင်း ၁၄/မမက(နိုင်) ၃၀၇၃၀၃ နှင့် ဒေါ်မြင့်မြင့်ခိုင် ၁၄/မမက(နိုင်) ၃၀၇၉၅၀တို့သည် ကိတ္တိမမွေးစားခြင်းစာချုပ် မှတ်ပုံတင်အမှတ် ၄/၉၉၄၆(၆-၁၂-၂၀၂၄)အရ မွေးဖြစ်သူ မစုရတီလှိုင်အား ၎င်းတို့၏ အမွေစားအမွေခံကိတ္တိမသမီးအဖြစ် တရားဝင်မွေးစားထားပြီးဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညွန့်ဝင်း ၊ ဒေါ်မြင့်မြင့်ခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၅၃)**
**ဖုန်း-၀၉-၄၂၀၂၉၉၀၀၀**

## အလိမ္မာ စာမှာရှိ

## ပုဂံမြို့၊ သီရိပစ္စယာရပ်၊ လောကနန္ဒာစေတီတော်မြတ်ကြီး၏ ရွှေမိုက်လေလံကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့၊ သီရိပစ္စယာရပ်ရှိ လောကနန္ဒာ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ပြန်လည်ကပ်လှူမည်ဖြစ်ပါ၍ ရစ်မြှောင့်ကြာခံနှစ်ဆင့်မှ ခရေသီးအထိ ရွှေမိုက်များကို ဈေးပြိုင်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။ ရွှေမိုက်လေလံဆွဲဝယ်လိုသူများအနေဖြင့် လေလံလျှောက်လွှာများကို (၁၀-၁-၂၀၂၅)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး၌ ဝယ်ယူနိုင်မည်ဖြစ်ပြီး (၂၄-၁-၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ လျှောက်လွှာများကို ပြန်လည်တင်ပြရန် အသိပေး ကြေငြာအပ်ပါသည်။

လေလံပွဲအတွက် ကျင်းပမည့်နေ့ရက်နှင့် အသေးစိတ် စည်းကမ်းချက်များကို ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေမိုက်လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ဖုန်း - ၀၉၂၀၄၂၆၀၉၊ ၀၉ ၄၀၂၅၀၀၃၈၂၊ ၀၉၂၅၉၀၁၁၁၀၈

## ပုဂံမြို့၊ သီရိပစ္စယာရပ်၊ လောကနန္ဒာစေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့၊ သီရိပစ္စယာရပ်ရှိ လောကနန္ဒာစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ပြန်လည် ကပ်လှူမည်ဖြစ်ပါ၍ ရစ်မြှောင့်ကြာခံနှစ်ဆင့်မှ ခရေသီးအထိ ရွှေသင်္ကန်း ကပ်လှူခြင်းလုပ်ငန်းကို ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် တင်ဒါလျှောက်လွှာများကို (၁၀-၁-၂၀၂၅)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး၌ ဝယ်ယူနိုင်မည်ဖြစ်ပြီး (၉-၂-၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ လျှောက်လွှာများကို ပြန်လည်တင်ပြရန် အသိပေးကြေညာ အပ်ပါသည်။

တင်ဒါပွဲအတွက် ကျင်းပမည့်နေ့ရက်နှင့် စည်းကမ်းချက်များကို ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေမိုက်လေလံ/တင်ဒါနှင့် ရွှေသင်္ကန်းကပ်တင်ဒါလုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

ဖုန်း - ၀၉၂၀၄၂၆၀၉၊ ၀၉ ၄၀၂၅၀၀၃၈၂၊ ၀၉၂၅၉၀၁၁၁၀၈

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက ကော့ခမယ် Grade-10 တန်းမှ မချောကလျာ၏ ဖခင်အမည်မှန်မှာ ဦးစန်းယု ၁၀/မဒန(နိုင်) ၁၅၇၇၄၇ ဖြစ်ပါကြောင်း။

**ဦးစန်းယု**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့၊ အထက(ကြာပန်း)ကျောင်း Grade-9(A) တွင် ပညာသင်ကြားနေသော မသီတာခိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၁၀/သထန(နိုင်) ၁၇၂၈၅၈ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်**
**၁၀/သထန(နိုင်) ၁၇၂၈၅၈**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်နေ ဦးဝေယံဖြိုးသူအောင် ၇/ပတတ(နိုင်)၁၁၀၄၆၂၏သမီး ချမ်းမြေ့ခင်အား ချမ်းမြေ့ခင်နွဲ့ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မချမ်းမြေ့ခင်နွဲ့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ်(၈)၊ အကွက်အမည်(ဆေးရေးအကွက်)၊ ဦးပိုင်အမှတ်(၇ᵉ)၊မြေချိန်ဧရိယာ(၀ဒသမ၀၂၄)ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်ခင်ဝင်း၊ ဒေါ်မေစီဝင်းတို့မှ လျှောက်ထားလာသည့်အတွက် ယင်းအမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်းကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်းဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပြည်မြို့**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးထွန်းလင်း၏ သားမောင်ဆန်းလင်းထူး ၅/ကလတ(နိုင်)၁၃၆၃၆၉၏ နိုင်ငံကူးလက်မှတ်မှာ MG-918930 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၉၄၁၁၆၁

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၄

ဒေါ်အေးသီတာအောင် (တရားလို) နှင့် ဒေါ်ခင်အုန်းမြင့် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၇)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၉၆၅)နေ ဒေါ်ခင်အုန်းမြင့်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးသီတာအောင်က "ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်(၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာအထက်ပါနေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥာဏ်လင်းထက်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၉

ဒေါ်သီသီအောင် (တရားလို) နှင့် ဒေါ်မြငြိမ်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက(၁၃) လမ်း၊ အမှတ်(၂၉၃)နေ ဒေါ်မြငြိမ်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း အိမ်နှင့်မြေမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလကွယ်နေ့) နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းစန္ဒာဦး)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်ဆုပန်လမ်း၊ မြေကွက်အမှတ်(၁၈၄)၊ မြေအကျယ်အဝန်း(ပေ၄၀x ပေ ၆၀)ရှိ ဂရန်မြေကွက်အမည်ပေါက် ဒေါ်သန်းဌေး (YSE-121403)ကို ဦးမြတ်သူရ ၁၂/ ဒဂန(နိုင်) ၀၁၃၀၂၄မှ ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါဂရန်မြေ အရောင်းအဝယ်ပြုခဲ့သည်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့် အခွင့်အရေးရှိသူမှ မူရင်းများနှင့်တကွ ၁၄ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမြတ်နောင်(LL.B)(စဥ်-၃၆၄၁၈)**
**အမှတ်(၁၈၅)၊လမ်း(၅၀)အထက်၊ ၇လွှာ(ဝဲ)၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်မြို့၊ဖုန်း-၀၉-၇၉၅၆၂၀၁၇၃၊ ၀၉-၉၇၄၄၂၇၉၇၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/62194, Luojia-110 ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd. က(ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ပြုလုပ်သော (၂၅-၈-၂၀၂၃)ရက်စွဲပါ "အထူးကိုယ်စားလှယ်လွှဲစာအမှတ်-VI ၁၇၇၉၀ ဖြင့် ဒေါ်မူမူပိုင်(မှတ်ပုံတင်အမှတ်-၁၂/လမတ(နိုင်)၀၂၇၂၆၄) မှ ဦးကြည်ဝင်း(၇/ကပက(နိုင်)၀၀၄၇၃၆)အား အထူးကိုယ်စားလှယ်လွှဲစာအဖြစ် လွှဲအပ်ထားရှိခဲ့ပါသည်။

ယခုအခါ ဦးကြည်ဝင်းအနေဖြင့် ဒေါ်မူမူပိုင်၏ အထူးကိုယ်စားလှယ်လွှဲစာရသူအဖြစ် (၉-၁-၂၀၂၅) ရက် နောက်ပိုင်း မည်သည့်အရေးကိစ္စကိုမျှ ဆောင်ရွက်ခွင့်မပြုတော့ပါကြောင်း တရားဝင်ပြန်လည် ရုပ်သိမ်းပါကြောင်း ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မူမူပိုင်**
**(၁၂/လမတ(နိုင်)၀၂၇၂၆၄)**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာဝင်း (LL.B)**
**အထက်တန်းရှေ့နေ**
**(စဥ်-၅၁၇၇၃/၂၀၁၉)**
**ဖုန်း-၀၉-၉၆၅၅၅၅၉၈၀၉၊**
**၀၉-၄၂၁၁၂၀၃၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/46230, Honda Wave ALPHA, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းကိုဦး ၇/ပခန(နိုင်) ၄၄၈၂၁၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက် အမှတ်(၁၄၉၄)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ပါမစ်မြေကွက်အား အမည်ပေါက် ဒေါ်မော်မော်ဝင်း ၈/နမန(နိုင်)၀၀၆၆၃၈မှ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေကွက်နေရာချထားမှုမှန်ကန်ကြောင်းထောက်ခံချက်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၂၊ မိဂသီ/မာဃ(၁၄)လမ်း၊ မြေကွက် အမှတ်-၃၈၀ ရှိ (၄၀ ပေ x ၆၀ ပေ) အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်မှ ခေါင်းရင်းခြမ်းရှိ(၂၀ x ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်လုံးချင်းနေအိမ်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားကြောင်း (၂၂-၁၀-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)တွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းပြုလုပ်ခဲ့သော်လည်း သတ်မှတ်ရက်တွင် ဝယ်သူ ဒေါ်ငွေငွေလှိုင် (၁၂/လသယ(နိုင်)၀၂၃၅၅၂)ဘက်မှ ကျန်ငွေ ပေးချေနိုင်ခြင်း မရှိတော့ပါသဖြင့် စရန်ငွေအားလုံးအဆုံးခံကာ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်အား ရောင်းသူ/ ဝယ်သူ နှစ်ဖက်သဘောတူဖျက်သိမ်းလိုက်ပါကြောင်းနှင့် ယင်းအိမ်ခြံမြေနှင့် ပတ်သက်၍ ရောင်းချသူ ဦးရန်ကျော်သူထံတွင်သာ စိတ်ကြိုက်စီမံခန့်ခွဲခွင့်ရှိကာ ပေါင်နှံရောင်းချငှားရမ်းခွင့်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရန်ကျော်သူနှင့် ဒေါ်ငွေငွေလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ထက်ထက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀) လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၉၀၁၄၄၅၂၇**

## လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြုရန်အတွက် အသိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင် (ခ) ဦးစုရတ် (၇/ပမန(ဧည့်)၀၀၀၀၀၆)သည် အောက်ဖော်ပြပါ အမှတ်တံဆိပ်၏ မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ် ပိုင်ရှင်ဖြစ်ပြီး မိမိတစ်ဦးတည်း အသုံးပြုရန် (၁၂-၈-၂၀၂၄)ရက်နေ့တွင် နေပြည်တော်မြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၁၆၉၂)ဖြင့် တရားဝင်မှတ်ပုံတင်ထားခဲ့ပြီးဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေဘုံသာအထက်လမ်း၊ အမှတ် (၃၈၄)တွင် **SUPER VISION** အမှတ်တံဆိပ်အမည်နှင့် အမှတ်အသားကို အသုံးပြု၍ မျက်စိ စမ်းသပ်ခန်းနှင့် မျက်မှန်ဆိုင်အား **Since 1999** တွင် ဖွင့်လှစ်လုပ်ကိုင်လျှက်ရှိပြီး ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ မျက်ကပ်မှန်၊ အလှတပ်မျက်မှန်များအား ကိုယ်တိုင်ထုတ်လုပ်၍ ရောင်းချခြင်း၊ ပြည်တွင်းပြည်ပမှ တင်သွင်းလာသော မျက်စိ၊ မျက်မှန်နှင့် သက်ဆိုင်သော ထုတ်ကုန်အမျိုးမျိုးတို့ကို ဝယ်ယူခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကိုလည်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ၎င်းတံဆိပ် အမှတ်အသားဖြင့် ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ လုပ်ငန်းတွင် အသုံးပြုမည့် အိတ်အမျိုးမျိုး၊ ဗူးအမျိုးမျိုး၊ စာရွက်စာတမ်းများ၊ တံဆိပ်တုံးများ၊ ဘလောက်တုံးများ၊ ဒီဇိုင်းများ၊ ငွေရပြေစာဖြတ်ပိုင်းများ၊ ကဒ်ထူဗူးများ၊ စာအိတ်များ၊ စာရေးစက္ကူ များ၊ ခွက်အမျိုးမျိုး၊ အင်္ကျီ အမျိုးမျိုး၊ ထီးအမျိုးမျိုး စသည်တို့တွင် အဆိုပါအမှတ်အသား အရွယ်အမျိုးမျိုး၊ ရိုက်နှိပ်ဖိနှိပ်၍ အသုံးပြုလျှက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်ကို မရိုးမဖြောင့်သောသဘောဖြင့် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထင်ရောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ် ခြင်း၊ တုပကူးယူခြင်းများနှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ် ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲအသုံးပြုခြင်းများတွေ့ရှိပါက သက်ဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းနိုင် (ခ) ဦးစုရတ် ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သူဇာဝင်း (LL.B)**
အထက်တန်းရှေ့နေ (စဥ်-၅၁၇၇၃/၂၀၁၉)
ရုံး-အမှတ်၅၉၁၊ ရတနာသီရိလမ်း
(ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၉၆၅၅၅၅၉၈၀၉၊ ၀၉-၄၂၁၁၂၀၃၇၇

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/ အကွက်အမှတ်-၃/ပဒေသာရပ်၊ ဦးပိုင်အမှတ်(၂၂၀)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက်သည် မြို့မြေဂရန် အမှုတွဲအမှတ်(၀၈၄/၂၀၀၃-၂၀၀၄)အရ ဗိုလ်မှူးမင်းနိုင် ၉/မမန(နိုင်)၀၁၃၇၉၀ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါဂရန်မူရင်း (၂၅-၁၀-၂၀၂၅)ရက်တွင် ပျောက်ဆုံးလျက်ရှိကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ ပေးကမ်းထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ထားခြင်း မရှိကြောင်းနှင့်အဆိုပါ ဂရန်ကို မိတ္တူမှန်လျှောက်ထားရယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်(စဥ်-၁၇၃၃၀)တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၀၄၄၀၉၁၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ မကျီးချိုကျေးရွာအမှတ် ၈၅နေ (ဘ)ဦးကံထွန်း ၈/နမန(နိုင်) ၀၅၆၁၀၁ (မိ) ဒေါ်ထွားစိန် ၈/နမန(နိုင်)၀၅၅၉၂၅တို့၏သား မောင်အောင်လှိုင်ဦး(ခ)မောင်အောင်နိုင်ဦး ၈/နမန(နိုင်) ၂၂၅၃၀၃ သည် ဖခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိသားစုအပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေ ပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးကံထွန်း**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာဝင်း ၁၂/ရပသ(နိုင်) ၀၆၀၆၄၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ ချယ်ရီလမ်းသွယ်၊ အမှတ်(၄၄၄)နေ ဦးမိုးဝင်းခိုင် ၁၄/ခနဖ(နိုင်) ၁၇၈၃၉၇နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ ခရေ(၁)လမ်း၊ အမှတ်(၃၃၅)နေ ဒေါ်သီတာဝင်း ၁၂/ရပသ(နိုင်) ၀၆၀၆၄၂တို့သည် (၈-၁-၂၀၂၅)ရက်တွင် ကျွန်ုပ်၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းကတိစာချုပ်နှင့် နှစ်ဦးသဘောတူဝန်ခံကတိပြုခြင်းစာချုပ်များ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်သည့်အတွက် ဦးမိုးဝင်းခိုင်နှင့် ဒေါ်သီတာဝင်းတို့သည် တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်မှုမရှိတော့ဘဲ တစ်ဦး၏ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း အလျဉ်းမရှိတော့ပါကြောင်း၊ ဦးမိုးဝင်းခိုင်နှင့် ဒေါ်သီတာဝင်းတို့မှ မွေးဖွားထားသောသားဖြစ်သူ မောင်ကောင်းခန့်ကိုလည်း ဖခင်ဖြစ်သူဦးမိုးဝင်းခိုင်မှ တာဝန်ယူစောင့်ရှောက်ရန် တရားဝင်ခေါ်ယူထားပြီးဖြစ်သည့်အတွက် သားဖြစ်သူမောင်ကောင်းခန့်နှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလည်း ယနေ့မှစ၍ ဒေါ်သီတာဝင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဇင်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၈၈၄)**
**အမှတ်(၉၄၂/ခ)၊ ဇီယာ(၃)လမ်း၊ (ဈ/၁၄)ရပ်ကွက်၊ ပန်းခြံ(၂၇)၊**
**ရွှေပြည်သာမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၂၄၆၀၀၅၄၊ ၀၉-၉၅၂၄၇၀၀၉၆**

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ အထူးကြည်ညိုပူဇော်အပ်ပါကြောင်း

(၄-၁-၂၀၂၅)ရက် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ ဖြင့် ဗိုလ်တထောင်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဖြစ်တော်မူကြသည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရအား **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ်၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာရာဘိဝံသအား **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်ကို လည်းကောင်း အသီးသီးချီးမြှင့်တော်မူခဲ့ခြင်းအတွက် ဗိုလ်တထောင်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အနေဖြင့် အထူးကြည်ညိုပူဇော်အပ်ပါကြောင်း။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်

## ရွှေကျင်မြို့နယ်အသင်း (ရန်ကုန်) ဖိတ်ကြားလွှာ

ဤအသင်း၏ နှစ်(၁၀၀)ပြည့် ( ရာပြည့် )နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ၁၉.၁.၂၀၂၅ ( တနင်္ဂနွေနေ့)နံနက်(၉)နာရီတွင် ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ တောင်ဘက်မုခ်ကားမှတ်တိုင်အနီး ရွှေကျင်မြို့နယ် ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရွှေကျင်မြို့နယ်အသင်း (ရန်ကုန်)အသင်းသားများနှင့် ရွှေကျင်မိသားစုများ တက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

အသက် (၈၀)နှစ် နှင့်အထက် သက်ကြီးကန်တော့ခံပုဂ္ဂိုလ်များစာရင်းကို ရွှေကျင်ဓမ္မာရုံနှင့် အောက်ပါပုဂ္ဂိုလ် များထံ( ၁၇-၁-၂၀၂၅ )ရက် နောက်ဆုံးထားပြီး ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်ကျော်သန်း | ဥက္ကဋ္ဌ | ဖုန်း-၀၉-၅၀၀၈၇၇၄ |
| ၂။ | ဦးငွေစိုး | ဒု- ဥက္ကဋ္ဌ | ဖုန်း-၀၉-၇၉၈၁၅၃၄၈၀ |
| ၃။ | ဦးသိန်းဌေး | အတွင်းရေးမှူး | ဖုန်း-၀၉-၅၁၂၁၂၄၈ |

အမှုဆောင်အဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅) ဧကရှိ ဦးမြင့်လွင် ၉/ပမန(နိုင်)၀၂၅၀၈၇ (ဘ)ဦးအုန်းမြင့် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၃၈၅၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၁၂၉/၂၀၂၃ (၇-၁၁-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဇင်မိုးဝါ ၇/ဒဥန(နိုင်)၁၀၉၆၀၁ (ဘ)ဦးအောင်မြင့်မှ ဒေါ်နွဲ့နွဲ့စိုး ၉/တသန(နိုင်)၁၅၈၁၅၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရ သီရိမြောက်ရပ်၊ မြေကွက်အမှတ်(ဥ-၅၃၅၆)၊ ဦးတင်မောင်၊ အဘအမည်၊ ဦးအမ်ခွန်ဒါရမ်း(ခ)သိန်းမောင် ၁၂/တမန(နိုင်)၀၇၀၄၅၂ အမည် ပေါက်ပါမစ်မြေကွက်၏ မြေကွက်နေရာချထားပေးသည့်လက်မှတ်မူရင်းပျောက်ဆုံးသွားပါသဖြင့် ဦးတင်မောင်၊ အဘ အမည်၊ ဦးအမ်ခွန်ဒါရမ်း(ခ)သိန်းမောင် ၁၂/တမန(နိုင်)၀၇၀၄၅၂ မှမြေကွက်နေရာချထား ပေးသည့်လက်မှတ်မိတ္တူ၊ မြေကွက် ဖိုးငွေသွင်းချလန်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေကွက်နေရာချထားပေးသည့်လက်မှတ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာချထားပေးသည့်လက်မှတ်မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## မိခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထ က (၁) Grade-12 မှ မောင်လွင်မင်းဟန်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်နှင်းဌေး ၁၄/မမန(နိုင်) ၁၆၄၄၅၂ဖြစ်ပါကြောင်း။

ဒေါ်ခင်နှင်းဌေး

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၁-၂၀၂၅ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(၃၀)ပါ အထက်တန်းရှေ့နေ ဒေါ်ဇင်မီမီစိုး၏ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်းတွင် ပါရှိသော မိခင် ဒေါ်တင်ရွှေ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်အား (၁၂/ရကန(နိုင်)၀၀၂၄၆၃) အစား (၁၂/ရကန(နိုင်)၀၅၂၄၀၆) ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက်

ယာဉ်အမှတ် GG/2872 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

က.ည.န (လားရှိုး) တွဲဖက်ပြည်နယ်ရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်- SHN/46482, Canda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးမင်းဇော်(၁၄/ကပန(နိုင်)၀၀၀၅၂၉)က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ အောင်ပန်း

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်- 8I/8558, ZAR. THA PYIN . ယာဉ်အမည်ပေါက်သူ ဒေါ်နန်းခင်လှထွေး(၁၃/ဟပန(နိုင်)၀၀၀၁၂၀)က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

## အထူးကြည်ညိုပူဇော်အပ်ပါကြောင်း

၄-၁-၂၀၂၅ ရက် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ ဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ သ.စ.အ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီးကို **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းခဲ့ခြင်းအတွက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အနေဖြင့် အထူးကြည်ညိုပူဇော်အပ်ပါကြောင်း။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

## အထူးကြည်ညိုပူဇော်အပ်ပါကြောင်း

၄-၁-၂၀၂၅ ရက် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ အမှတ်(၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကို **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းခဲ့ခြင်းအတွက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့အနေဖြင့် အထူးကြည်ညိုပူဇော်အပ်ပါကြောင်း။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

## အများသိရှိစေရန်ကြေညာခြင်း

ဦးဖြိုးဝေကျော်(ဘ)ဦးကျော်ဇေယျ ၁၂/စခန(နိုင်)၀၆၄၉၅၉မှ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်တော်ဦးဖြိုးဝေကျော်နှင့်ဒေါ်မြတ်စုဝင်း (ဘ)ဦးဌေးဝင်း ၁၂/ဗဟန(နိုင်)၀၉၃၂၁၆ တို့သည် ယနေ့အချိန်ထိ တရားဝင် ပေါင်းသင်းလျက်ရှိသောကြောင့်ဦးဖြိုးဝေကျော်နှင့်ဒေါ်မြတ်စုဝင်းတို့၏ နှစ်ဦးပိုင်ပစ္စည်းများနှင့်ပတ်သက်ပြီး ကျွန်တော်ဦးဖြိုးဝေကျော်မသိရှိဘဲ တစ်နည်းနည်းဖြင့် ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်းများတစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက ကျွန်တော် ဦးဖြိုးဝေကျော်မှ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇွန်သက်မွန်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၀၅/၂၀၁၇)
လယ်ဝေးမြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွာမရပ်ရှိ မြေကွက်အမှတ် (ပ-၄၁၁၉)ကို အမည်ပေါက် ဦးဆေးစီ(ခ)ဦးဆေး (ဘ)ဦးရှမ်း ၉/ပမန(နိုင်)၁၁၁၃၄၂ (ကွယ်လွန်)၏ အမွေခံသား၊ သမီးဖြစ်သူ ဦးရွှေသီး(ဘ)ဦးဆေးစီ(ခ)ဦးဆေး ၉/ပမန(နိုင်)၀၅၃၀၁၅၊ ဒေါ်ကြည်ဆန်း (ဘ) ဦးဆေးစီ(ခ)ဦးဆေး ၉/ပဗသ(နိုင်)၀၁၅၂၉၇၊ ဦးကျော်သိန်း (ဘ) ဦးဆေးစီ(ခ) ဦးဆေး ၉/ပမန(နိုင်)၁၉၂၄၁၄၊ ဦးအောင်ကိုဝင်း (ဘ)ဦးဆေးစီ(ခ)ဦးဆေး ၉/ပမန(နိုင်)၂၀၀၂၄၄မှ ၎င်းတို့အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် အမည်ပေါက်၏ သေဆုံးကြောင်းအထောက်အထားလက်မှတ်၊ မြေပေးမိန့်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်တို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ပတ်စ်ပို့ပျောက်

ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်၊ နယ်မြေ(၁)နေ ဦးသူလ်စီရမ်း၏သမီး SARA SWATI ၁၃/ရစန(ပြု)၀၀၀၁၆၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MA-472645)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၉၈၇၂၅၇

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်နေ ဦးသန်းကျော်၏သား စိုင်းပန်ဟိန်းခမ်း ၁၃/တကန(နိုင်)၂၄၆၇၂၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-126304)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၆၆၈၈၃၇၇

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်နေ ဦးကျော်ကျော်လွင်၏သား မောင်အောင်ချမ်းငြိမ်း ၁၃/တကန(နိုင်)၂၈၅၈၁၀၏ နိုင်ငံကူးလက်မှတ် အမှတ်(MA-594907)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၅၂၂၅၁၁

## ဖခင်အမည်မှန်

ရွှေညောင်မြို့၊ ညဏ်အလင်းတန်းကိုယ်ပိုင် အထက်တန်းကျောင်း Grade-9မှ မစူးဇူးဟန်၏ ဖခင်အမည်မှန်မှာ ဦးထင်ဖျင် ၁၃/ တကန(နိုင်)၁၉၇၃၅၂ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SI/4272, Hyundai PorterII, P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးခွန်မင်းထိုက် ၁၂/မဂဒ (နိုင်)၁၈၃၃၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/11415, Honda Wave -110 ယာဉ်လက်ဝယ်ရှိသူ Easy Rider, Motorbike Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြန်ကြားရေးဝန်ကြီးဌာန
# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
# နေပြည်တော်

## လူတွေ့နှုတ်ဖြေ ကျင်းပမည့်နေ့ရက် ကြေညာခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ (၃၀-၁၂-၂၀၂၄) ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (လစာနှုန်း ကျပ် ၂၁၆၀၀၀ -၂၀၀၀- ၂၂၆၀၀၀)ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့်စာရင်းကို ထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ **ဖြေဆိုသည့်ရာထူး** - ရုပ်သံကျွမ်းကျင်(၂)(ရုပ်မြင်)
**ဖြေဆိုရမည့်နေ့ရက်** - ၂၀-၁-၂၀၂၅ ရက်(တနင်္လာနေ့)
**ဖြေဆိုရမည့်နေရာ** - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း

ရုပ်သံ(၂)(ရက)-၁၊ ရုပ်သံ(၂)(ရက)-၃၊ ရုပ်သံ(၂)(ရက)-၄၊ ရုပ်သံ(၂)(ရက)-၅၊
ရုပ်သံ(၂)(ရက)-၇၊ ရုပ်သံ(၂)(ရက)-၈၊ ရုပ်သံ(၂)(ရက)-၉၊ ရုပ်သံ(၂)(ရက)-၁၀၊
ရုပ်သံ(၂)(တက)-၁၊ ရုပ်သံ(၂)(တက)-၂၊ ရုပ်သံ(၂)(တက)-၃၊ ရုပ်သံ(၂)(တက)-၄၊
ရုပ်သံ(၂)(တက)-၅၊ ရုပ်သံ(၂)(တက)-၆၊ ရုပ်သံ(၂)(တက)-၉၊ ရုပ်သံ(၂)(တက)-၁၀၊
ရုပ်သံ(၂)(တက)-၁၁၊ ရုပ်သံ(၂)(တက)-၁၂၊ ရုပ်သံ(၂)(တက)-၁၃၊ ရုပ်သံ(၂)(တက)-၁၄၊
ရုပ်သံ(၂)(တက)-၁၅၊ ရုပ်သံ(၂)(တက)-၁၆၊ ရုပ်သံ(၂)(တက)-၁၇၊ ရုပ်သံ(၂)(တက)-၂၀၊
ရုပ်သံ(၂)(တက)-၂၁၊ ရုပ်သံ(၂)(တက)-၂၂၊ ရုပ်သံ(၂)(တက)-၂၃၊ ရုပ်သံ(၂)(တက)-၂၅၊
ရုပ်သံ(၂)(တက)-၂၈၊ ရုပ်သံ(၂)(တက)-၂၉၊ ရုပ်သံ(၂)(တက)-၃၀၊ ရုပ်သံ(၂)(တက)-၃၁။

၃။ **ဖြေဆိုသည့်ရာထူး** - ရုပ်သံကျွမ်းကျင်(၂)(ရုပ်မြင်)၊ အငယ်တန်းအင်ဂျင်နီယာ(၂)
**ဖြေဆိုရမည့်နေ့ရက်** - ၂၁-၁-၂၀၂၅ ရက်(အင်္ဂါနေ့)
**ဖြေဆိုရမည့်နေရာ** - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း

ရုပ်သံ(၂)(တက)-၃၂၊ ရုပ်သံ(၂)(တက)-၃၃၊ ရုပ်သံ(၂)(တက)-၃၄၊ ရုပ်သံ(၂)(တက)-၃၅၊
ရုပ်သံ(၂)(တက)-၃၆၊ ရုပ်သံ(၂)(တက)-၃၇၊ ရုပ်သံ(၂)(တက)-၃၈၊ ရုပ်သံ(၂)(တက)-၃၉၊
ရုပ်သံ(၂)(တက)-၄၀၊ ရုပ်သံ(၂)(တက)-၄၁၊ ရုပ်သံ(၂)(တက)-၄၂၊ ရုပ်သံ(၂)(တက)-၄၃၊
ရုပ်သံ(၂)(တက)-၄၄၊ ရုပ်သံ(၂)(တက)-၄၅၊ ရုပ်သံ(၂)(တက)-၄၆၊ ရုပ်သံ(၂)(တက)-၄၇၊
ရုပ်သံ(၂)(တက)-၄၈။
ငယ်အင်ယာ(၂)(ရက)-၁၊ ငယ်အင်ယာ(၂)(ရက)-၂၊ ငယ်အင်ယာ(၂)(ရက)-၃၊
ငယ်အင်ယာ(၂)(တက)-၂၊ ငယ်အင်ယာ(၂)(တက)-၄၊ ငယ်အင်ယာ(၂)(တက)-၅၊
ငယ်အင်ယာ(၂)(တက)-၆၊ ငယ်အင်ယာ(၂)(တက)-၈၊ ငယ်အင်ယာ(၂)(တက)-၉၊
ငယ်အင်ယာ(၂)(တက)-၁၀၊ ငယ်အင်ယာ(၂)(တက)-၁၁၊ ငယ်အင်ယာ(၂)(တက)-၁၂၊
ငယ်အင်ယာ(၂)(တက)-၁၃၊ ငယ်အင်ယာ(၂)(တက)-၁၄။

၄။ **ဖြေဆိုသည့်ရာထူး** - ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား)၊ အသံလွှင့်ကျွမ်းကျင်(၂)(အသံလွှင့်)၊ အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား)၊ အနုပညာရှင်(၂)(ဂီတ)
**ဖြေဆိုရမည့်နေ့ရက်** - ၂၂-၁-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့)
**ဖြေဆိုရမည့်နေရာ** - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း

ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၄၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၅။
သံကျွမ်း(၂)(ရက)-၁၊ သံကျွမ်း(၂)(တက)-၁၊ သံကျွမ်း(၂)(တက)-၂၊ သံကျွမ်း(၂)(တက)-၃၊
သံကျွမ်း(၂)(တက)-၄၊ သံကျွမ်း(၂)(တက)-၅၊ သံကျွမ်း(၂)(တက)-၇၊ သံကျွမ်း(၂)(တက)-၉၊
သံကျွမ်း(၂)(တက)-၁၀၊ သံကျွမ်း(၂)(တက)-၁၁၊ သံကျွမ်း(၂)(တက)-၁၂၊ သံကျွမ်း(၂)(တက)-၁၄။
သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁။
နု(၂)(ရက)-၁၊ နု(၂)(ရက)-၃၊ နု(၂)(ရက)-၄၊ နု(၂)(ရက)-၅၊
နု(၂)(ရက)-၆၊ နု(၂)(ရက)-၇၊ နု(၂)(ရက)-၈၊ နု(၂)(ရက)-၉၊
နု(၂)(ရက)-၁၀၊ နု(၂)(ရက)-၁၁၊ နု(၂)(ရက)-၁၂၊ နု(၂)(ရက)-၁၃၊
နု(၂)(ရက)-၁၄၊ နု(၂)(ရက)-၁၅၊ နု(၂)(ရက)-၁၆၊ နု(၂)(ရက)-၁၇၊
နု(၂)(ရက)-၁၈၊ နု(၂)(တက)-၁၊ နု(၂)(တက)-၂၊ နု(၂)(တက)-၄၊
နု(၂)(တက)-၅၊ နု(၂)(တက)-၆။

၅။ လူတွေ့ဖြေဆိုမည့်သူများအနေဖြင့် ဖော်ပြပါနေ့ရက်များအလိုက် နံနက်(၉:၃၀)နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်ပါသဖြင့် ပညာအရည်အချင်းအောင်လက်မှတ်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ မိမိတို့ ဖြေဆိုရမည့်နေရာများသို့ နံနက်(၈:၀၀)နာရီအရောက် သတင်းပို့လာရောက်ဖြေဆိုကြရန်နှင့် အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း၊ ဖုန်း-၀၆၇-၈၀၇၉၁၈၅ နှင့် ၀၉-၄၄၄၆၆၂၀၄၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## "တိုက်ခန်းအရောင်းအဝယ်အားကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ **အမှတ်(၅၆) (၂)ခန်းတွဲ(၆)ထပ်တိုက်၏ တတိယထပ်(၄-လွှာ/A)(ခေါင်းရင်း)**၊ တိုက်အားမျက်နှာချင်းဆိုင်မှလျှင်(လက်ဝဲဘက်အခန်း)၊ (၁၁½ပေ × ၄၇ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော **ဦးဇော်လင်းအောင် (၁၂/မဘန(နိုင်)၀၉၉၉၅၆၄)**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်စန်းပုဏ္ဏမီ (၁၃/တကန(နိုင်)၁၉၂၂၄၇)**က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ဤတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါကတိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ **(၇)**ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ - **ဦးကျော်မျိုးထွန်း** LL.B ,WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၉၇၁)
အမှတ်-(၂၄၉/ဂ)၊ မိဂသီ(၁၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၉၉၁၁၁၂၈၅၊ ၀၉-၂၅၃၀၆၀၆၆၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ်(၁၇၁/အေ)တွင် နေထိုင်သူ ဦးကိုကိုကြီး (ခ) မောင်ခွေး (ဘ) ဦးလင်ဘင်စိန် (ခ) ဦးအကောက် ၁၂/ပဘတ(နိုင်)၀၂၆၂၈၆ က ဦးသန်းဦး (ဘ) ဦးမောင်ရွှေ ၁၂/မရက(နိုင်)၀၂၁၁၈၀ သို့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၂၁၄၉၉/၂၀၁၉ (၁၀-၆-၂၀၁၉) ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပေးအပ်ခဲ့ကြပါသည်။ ယခုအခါ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာမှာ အသုံးပြုရန်မလိုအပ်တော့ပါသဖြင့် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** — တရားလွှတ်တော်ရှေ့နေ(စဉ်/၁၆၁၉၆) — ဖုန်း-၀၉-၅၁၇၁၄၃၃
**ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** — တရားလွှတ်တော်ရှေ့နေ(စဉ်/၇၅၁၅) — ဖုန်း-၀၉-၂၅၄၄၈၈၃၃၀
အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူဒေသ၊ အုတ်တွင်းမြို့နယ်နှင့် ပြည်ဒေသ၊ ပန်းတောင်းမြို့နယ်များရှိ ကြိုးဝိုင်း/သစ် ကွက်များမှ သတ်မှတ်သစ်ဆိပ်သို့ အငှားကားတိုက်လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁-၂၀၂၅ရက်မှ ၁၅-၁-၂၀၂၅ရက်
၃။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၁၆-၁-၂၀၂၅ရက် (၁၆:၃၀)နာရီ
၄။ **တင်ဒါပုံစံရောင်းချမည့် နေရာနှင့် တင်သွင်းရမည့် နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ ဒုတိယ အထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့
၅။ **တင်ဒါဖွင့်မည့်ရက်** - ထပ်မံအကြောင်းကြားပါမည်။
၆။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါကမြန်မာ့သစ်လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၏ ဖုန်း -၀၉-၄၀၄၄၅၅၉၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1R/5384 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/2675 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးစိုင်းဆိုင်ကျောက်၏သမီး ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင် သင်တန်း၊ ပထဝီဝင်(အထူးပြု)၊ ၂၀၂၄ပညာသင်နှစ်၊ ၄ပ-၁၁၇ (၀၂၃) ဖြင့် ဖြေဆိုအောင်မြင်ထားသော မနန်းဆောင်ခမ်း ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၁၁-၁၉၉၈ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ)ဦးအားမန်၏သမီး ကျွန်မ ဒေါ်စိမ့်ဟန်နီ ၁၃/ကတန(နိုင်) ၁၈၅၁၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD-178448)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၉၉၈၅၆၂၃**

## ဖခင်အမည်မှန်

တာချီလိတ်မြို့၊ ဟောင်လိတ်(အထက)၊ Grade-4(D) မှ မသီရိရွှန်းလဲ့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းကျန် ၁၃/မဖန(နိုင်) ၀၃၈၀၃၅ ဖြစ်ပါကြောင်း။

**ဦးစိုင်းကျန်**

## အမည်ပြောင်း

(ဘ) ဦးဝင်းထက်၏ သား ကျိုက်လတ်မြို့၊ အထက(၁)၊ Grade-2 မှ မောင်ခန့်လင်းသစ် အား မောင်ကောင်းလင်းသစ်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

**မောင်ကောင်းလင်းသစ်**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊(၁၄) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ ပန်းခြံ (၂၅)၊မြေကွက်အမှတ် (၁၃၄၂/က) နေ ဒေါ်စောကြည်၊ ဦးအောင်ကြည်၊ ဦးသန်းကြည်၊ ဦးမြင့်အောင်၊ ဦးမြင့်ဇော်၊ ဦးရဲမင်းထွေးတို့ မိသားစုဝင်များကိုယ်စား ကျွန်မ ဒေါ်ယဉ်ယဉ်ကြည် (ဘ)ဦးအောင်မောင်း ၁၂/လမန(နိုင်)၀၀၆၅၇၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ (၁၄) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ပန်းခြံ (၂၅)၊ မြေကွက်အမှတ် (၁၃၄၂/က) ဦးအောင်မောင်း အမည်ပေါက် မြေကွက်နှင့် RC 2 ထပ်တိုက်တို့သည် (ဦးအောင်မောင်း)၏ဇနီး ဒေါ်စောကြည် ၁၂/လမန (နိုင်)၀၃၉၁၂၈ နှင့် သားသမီးများဖြစ်ကြသော ဒေါ်ယဉ်ယဉ်ကြည် (ဘ) ဦးအောင်မောင်း ၁၂/လမန(နိုင်)၀၀၆၅၇၄၊ ဦးအောင်ကြည် (ဘ) ဦးအောင်မောင်း ၁၂/လမန(နိုင်)၀၃၉၀၆၃၊ ဦးသန်းကြည် (ဘ)ဦးအောင်မောင်း ၁၂/လမန(နိုင်)၁၁၃၇၅၇၊ ဦးမြင့်အောင် (ဘ)ဦးအောင်မောင်း ၁၂/လမန(နိုင်) ၀၀၆၅၇၃၊ ဦးမြင့်ဇော်(ဘ) ဦးအောင်မောင်း ၁၂/ရပသ(နိုင်)၀၅၂၇၃၅၊ ဦးရဲမင်းထွေး (ဘ) ဦးအောင်မောင်း ၁၂/ရပသ(နိုင်)၀၅၂၇၄၄ တို့မှ လက်ရှိနေထိုင်ပိုင်ဆိုင်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချထားခြင်း မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးသီပိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၃၇၉၉)
အမှတ် (၅၄/၁၁၅ )၊ဇီဇဝါ ၂လမ်း၊ (၂၆) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/3913 Nissan Diesel GW4xLG, Tractor Head(6x4)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုးကျော် ၁/မကန(နိုင်) ၀၀၆၇၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာချက်

အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်ထက်ထက်မေမောင် (၁၂/ဒဂန (နိုင်) ၀၃၆၈၀၆) မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၁၀၁၁၅/၂၀၂၄)ဖြင့် (၁၂-၁၂-၂၀၂၄)နေ့တွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်အမည်ဖြစ်သော "ဇာမဏီထက်အောင်" အမည်ဖြင့် ရေသန့်၊ ရေသန့်ရေခဲ၊ အချိုရည်အမျိုးမျိုး၊ ရေခဲမုန့်အမျိုးမျိုး၊ ရေခဲချောင်းအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆိုင်ခွဲများဖွင့်လှစ် ရောင်းချရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

(၁၀၁၁၅/၂၀၂၄)

အထက်ပါ "ဇာမဏီထက်အောင်"လုပ်ငန်းအမှတ်တံဆိပ်အမည်နှင့် ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ လုပ်ငန်းအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ မြန်မာအင်္ဂလိပ်အဓိပ္ပါယ်တူ ဆင်တူယိုးမှား တုပသုံးစွဲခြင်းမပြုရန်နှင့်တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်အေးအေးမူ**
**LL.B, D.B.L., M.A. (Business Law)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၀၉)
၀၉ ၄၃၁၁ ၅၁၀၅

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ကေရှိ မြေကွက်အမှတ်(ပ-၃၄၆၇၅)ကို အမည်ပေါက် ဦးထွန်းလွင် (ဘ)ဦးဘဝမ်း ၈/သရန(နိုင်)၀၂၇၂၁၈ မှ ဒေါ်ကြည်အေး (ဘ) ဦးညို ၈/တတက(နိုင်)၂၃၈၅၇၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ပစံပြရပ်ကွက်၊ သုတိလမ်း၊ အမှတ်(၁၄/က)၊ (အလျား ၁၁ပေxအနံ၅၀ပေ)ရှိ နှစ်ထပ် အိမ်အား ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်မြတ်မြတ်မော်(ခ)ဒေါ်နွဲ့ယဉ်အောင်(ဘ)ဦးမော် ၁၂/လမန(နိုင်)၀၅၄၃၅၁ ထံမှ ကျွန်ုပ်တို့ မိတ်ဆွေဖြစ်သူ ဒေါ်ရီရီလွင် (ဘ)ဦးစိန်လွင် ၁၄/ကခန(နိုင်)၀၃၆၃၂၆ က ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ(၂)ရက်နေ့တွင် (အလျား ၁၁ ပေ x အနံ ၂၅ ပေ)အား ငွေအကျေချေဝယ်ယူခဲ့ပြီး ယခု(အလျား ၁၁ ပေ x အနံ ၇ ပေ)အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကန့်ကွက်စာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ရီရီလွင် ၁၄/ကခန(နိုင်)၀၃၆၃၂၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ချိုချိုဝင်း (H.G.P)** **ဦးအောင်မိုးဟိန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၉၁၂၅)** **အထက်တန်းရှေ့နေ (စဉ်-၅၄၇၈၀)**
**အမှတ်-၅၊ ရတနာသိင်္ခလမ်း၊ စမ်းကြီးဝရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၈၂၅၄၈၆၀၈၊ ၀၉-၆၇၆၈၅၅၉၁၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၁၆၄၈/သပြေတောင်အရှေ့၊ အိမ်အမှတ်(၆/၈၅-ဘီ)၊ မြေကွက်အမှတ်(၁၃၆)အား ဦးအောင်ကိုကို ၉/ပမန (နိုင်)၁၆၃၅၃၇ မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊ ဒုတ်ရိုက်အုပ်စု၊ ငါးခုံးမချောင်းကျေးရွာနေ မပန်းအိဖြိုး ၁၄/ဟသတ(နိုင်)၃၇၂၅၇၃ ၏ ဖခင်အမည်မှန်မှာ ဦးကိုနိုင်(ခ)ဦးစိုးဝင်းနိုင် ၁၄/ဟသတ(နိုင်)၂၆၄၂၂၆မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မပန်းအိဖြိုး**

## အမည်မှန်

ငါးသိုင်းချောင်းမြို့၊မြို့မရပ်ကွက်နေ (ဘ) ဦးဝေယံကျော် ၁၄/ရကန(နိုင်)၁၂၉၄၂၁၏ သား အ.လ.က(ခွဲ)ဗိုလ်ချုပ်လမ်းကျောင်း (KG)တန်းမှ မောင်စိုင်းထက်ကျော် ၏ အမည်မှန်မှာ မောင်ရှိုင်းထက်ကျော် ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးမျိုးမင်းစိုး ၁၄/ပတန(နိုင်)၁၅၁၅၉၃ ၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၆၅၆၉၈၀၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေကွက်အမှတ်(ပ-၃၁၇၉၀)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်သက်ရင် ၉/ပမန(နိုင်)၀၈၇၁၂၅(ဘ)ဦးအောင်သိုက်မှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချ ပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး နှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/88893 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်မျိုးသိန်း ၉/ကလထ(နိုင်)၃၁၅၄၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**မန္တလေးတောင်ပိုင်း**
**(မန္တလေးမြို့)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့၊ ရွှေနန်းပေါ်ကျေးရွာနေ ဦးမောင်၏ သမီး ဒေါ်မာမာအေး(ခ)ဒေါ်ခင်မာကြည် ၃/ဘအန(နိုင်)၀၂၀၂၇၃ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်မာမာအေး (ခ)**
**ဒေါ်ခင်မာကြည်**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အလကသပြေပင်(၇)ကျောင်း Grade-5 မှ မပြည့်ရတနာဝင်း၏ ဖခင်အမည်မှန် မှာ ဦးသိန်းဝင်း ၁၁/မပတ(နိုင်) ၀၄၉၉၄၁ ဖြစ်ပါကြောင်း။ **ဦးသိန်းဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/45119 Shinbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၉/ခမစ(နိုင်)၀၇၇၆၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**မန္တလေးတောင်ပိုင်း**
**(မန္တလေးမြို့)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်အုပ်စု၊ ကျောက်ချက် ကျေးရွာနေ ဦးပြုံးချို ၁၃/လလန(နိုင်)၀၁၀၇၉၄ - ဒေါ်စပါယ် ၁၃/လလန(နိုင်)၀၀၀၀၅၃ တို့၏သား မောင်ကျော်ဇျာန်ထွန်း ၉/ဇယသ(နိုင်) ၀၁၆၆၉၅ သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပြီး ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြုံးချို-ဒေါ်စပါယ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၁၂၇၆)၏ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးသာကျော် ၉/တကန(နိုင်)၀၂၁၂၉၂ (ဘ) ဦးကျော်ဟန်မှ မြေငှားစာချုပ်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းမိတ္တူ၊ ကိုယ်တိုင်ဝန်ခံ ကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းတင်ပြပြီး နှစ်(၃၀)မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပျောက်ဆုံးသွားသော နှစ်(၃၀) မြေငှားစာချုပ်စာအုပ်(မူရင်း)အားပယ်ဖျက်၍ နှစ်(၃၀)မြေငှားစာချုပ်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်း မြို့နယ်၊ (က)ရပ်ကွက်၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ် ( ၄၈ ) ဟုခေါ်တွင်သော (၃)ခန်းတွဲ (၃)ထပ်ခွဲတိုက်အနက်မှ အခန်း(၅လွှာ)၊ အပေါ်ဆုံးထပ် (ဒါဘာ)၊ ( တိုက်ကိုမျက်နှာမူ၍ကြည့်လျှင် ဘယ်ဘက်ထောင့်ခန်း )တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးမင်းဆွေ (၉/ညဥန(နိုင်) ၁၅၀၇၂၉)နှင့် ဒေါ်သဥ္ဇာနိုင် ( ၁၄/မမန(နိုင်) ၃၀၃၄၈၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြတ်မင်းထက် (၇/ပမန(နိုင်) ၂၀၆၁၈၂)နှင့် ဒေါ်ခိုင်ဇာလွင်(၁၂/မရက(နိုင်) ၁၄၇၉၀၅ )တို့ကဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)**

**ဒေါ်ပြည့်ပြည့်ဖြိုး**
**LL.B, D.B.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)**

**ဖုန်း- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၁၄)လမ်း၊ မြေကွက်အမှတ် (H/၉၁) ဟုခေါ်တွင်သော ဦးတင်ဝင်းအမည်ပေါက်မြေကွက်၏ (ခြေရင်းခြမ်း)၊ အလျားxအနံ (၂၀x၆၀)ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အိအိသွင်(ဘ) ဦးအေးသွင် ၆ /မအရ(နိုင်) ၀၀၂၂၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမမ(ဘ) ဦးအောင်သိုက် ၁၂/ဒပန(နိုင်)၀၄၂၂၁၃ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကိုလက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇာနည် (LL.B,D.B.L) (စဉ်-၁၄၆၆၈)**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင် (LL.B)**
**(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်ခင်သီတာမြင့်အောင် (LL.B)**
**(စဉ်-၅၂၀၆၄)**
**အထက်တန်းရှေ့နေ**

**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်အမှတ် (၂၁၅)၊ အခန်းအမှတ် (၇)၊ မြေညီထပ်တိုက်ခန်းသည် (ယခင်) ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့၊ အဆောက်အဦအုပ်ချုပ်မှုဌာန ရန်ကုန်မြို့မှ ဒေါ်ရင်ရင်မေ ၁၂/ရကန(နိုင်)၀၁၇၆၉၆ အမည်ဖြင့် ချထားပေးသောအခန်းဖြစ်ပြီး ဒေါ်ရင်ရင်မေ လက်ရှိထား စီမံခန့်ခွဲနေသောအခန်းဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများနှင့် အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများပျောက်ဆုံးသွားပါ၍ အဆိုပါစာရွက်စာတမ်းမူရင်းများဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်လွှဲပြောင်းခြင်းများ မပြုလုပ်ရန်အတွက် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရင်ရင်မေ ၁၂/ရကန(နိုင်)၀၁၇၆၉၆ ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တိုးတိုးကျော် (စဉ်-၈၃၈၇)**
**LL.B,D.B.L တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၆)၊ လမ်း(၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၅၁၀၇၀၄၂**

## ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်အမှတ် (၂၁၅)၊ အခန်းအမှတ် (၇)၊ မြေညီထပ်တိုက်ခန်းတွင် နေထိုင်သော ဒေါ်ရင်ရင်မေ ၁၂/ရကန(နိုင်)၀၁၇၆၉၆ မှ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်အမှတ် (၂၁၅)၊ အခန်းအမှတ် (၈)၊ မြေညီထပ်တွင် နေထိုင်သော ဦးမင်းသူရိန်ထက် ၁၂/ဗဟန(နိုင်)၀၈၆၁၇၂ အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်အမှတ် (၉၀၃၁/၂-၆-၂၀၂၂) ဖြင့် လွှဲအပ်ပေးထားပါသည်။ ယခုအခါ အဆိုပါလွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရင်ရင်မေ ၁၂/ရကန(နိုင်)၀၁၇၆၉၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တိုးတိုးကျော် (စဉ်-၈၃၈၇)**
**LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်**
**ဖုန်း-၀၉-၅၁၀၇၀၄၂**

## ပတ်စ်ပို့ပျောက်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်နေ (ဘ) ဦးကျော်သန်း၏ သမီး မသူဇာသန်း ၉/ပကခ(နိုင်) ၀၀၉၀၈၈ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၇၂၅၂၆**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၁-၂၀၂၅ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၄) ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း ကြော်ငြာတွင် ဒေါ်မီမီခိုင်အစား ဒေါ်မိမိခိုင် ၁၂/ဒဂရ(နိုင်)၀၁၄၃၅၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၁၂-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈) ကညန၊ တိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့၏ မော်တော်ယာဉ်အမှတ် 2U/2884 ကြော်ငြာတွင် ခေါင်းစဉ်၌ ကန့်ကွက်နိုင်ပါသည်အစား မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/4455 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/28506 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အနောက်၊ မြေကွက်အမှတ် ၁၁၃၂၊ ဧရိယာ(၄၀ ပေ x ၆၀ ပေ)၊ မြေကွက်တည်နေရာအမှတ်(၁၁၃၂)၊ ပတ္တမြား(၂)လမ်း၊ (၇/အနောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်ညို ၁၂/သကတ(နိုင်)၀၀၃၃၅၈ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ဦးမောင်ညို ၁၂/သကတ(နိုင်)၀၀၃၃၅၈ (အဘိုး) နှင့် ဒေါ်ခင်ညွန့် (အဘွား)တို့ ကွယ်လွန်၊ ၎င်းတို့၏ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ခင်အေးကြူ (မိခင်) ကွယ်လွန်နှင့် ဦးဖိုးစံ(ခ)ဦးမန်းဝင်း(ဖခင်)တို့ ကွယ်လွန်သဖြင့် အမည်ပေါက်တို့၏ မြေးတော်စပ်သူများဖြစ်ကြသော ဒေါ်လဲ့လဲ့ကြူ ၁၂/သကတ(နိုင်)၁၂၁၄၆၀၊ ဒေါ်ကြည်ဖြူထွန်း ၁၂/သကတ(နိုင်)၁၆၄၄၉၃၊ ဒေါ်စမ်းစမ်းဖြူ ၁၂/သကတ(နိုင်) ၁၆၄၃၁၉၊ ဦးချမ်းသာ ၁၂/သကတ(နိုင်)၁၆၄၃၂၀၊ ဒေါ်ရှိုင်း ၁၂/သကတ(နိုင်) ၁၈၂၃၆၄ တို့မှ ကွယ်လွန်သူ အဘိုးနှင့် အဘွားတို့တွင် တစ်ဦးတည်းသောသမီးအဖြစ် မိမိတို့၏ မိခင်ဖြစ်သူ ဒေါ်ခင်အေးကြူ တစ်ဦးတည်းကိုသာ မွေးဖွားခဲ့ပါကြောင်း၊ တစ်ခြားကိတ္တိမ သား/သမီး တစ်ဦးတစ်ယောက်မျှ မွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊ ကွယ်လွန်သူ အဘိုး၊ အဘွား၊ မိခင်၊ ဖခင်တို့တွင် တရားဝင်အမွေဆက်ခံသူများအဖြစ် မိမိတို့(၅)ဦးသာ ကျန်ရစ်ခဲ့ပြီး တခြားကိတ္တိမသားသမီး တစ်ဦးတစ်ယောက်မှ မွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခွင့်မရှိပါကြောင်း၊ ကွယ်လွန်သူအဘိုးဖြစ်သူ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသော အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား မိမိတို့(၅)ဦးတည်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးမောင်ညို၊ ဒေါ်ခင်ညွန့်၊ ဒေါ်ခင်အေးကြူ၊ ဦးဖိုးစံ(ခ)ဦးမန်းဝင်းတို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးကျော် ၅/မရန(နိုင်)၁၆၁၀၂၈ ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ ဇီးရိုင်းကျေးရွာရှိ အရှေ့လားသော်-ဦးကိုထွေး(ခ)ဦးဇော်မင်းထွေး၊ အနောက်လားသော်-မွန်းတည့်ခွင်-ကျည်တောင်-ခေါ်မ-ညောင်ပင်သာပတ်လမ်း၊ တောင်လားသော်-ဦးမျိုးအောင်၊ မြောက်လားသော်- ဦးကိုထွေး (ခ) ဦးဇော်မင်းထွေး စသည့် အလားလေးရပ်တွင်းရှိ ဦးဇင်မင်းအောင် အမည်ပေါက် ကွင်းအမှတ်(၂၁၈၂)၊ ကွင်းအမည်-ဇီးရိုင်းအရှေ့ကွင်း၊ ဦးပိုင်အမှတ်-၂၆/၂၊ ဧရိယာ ၀ ဒသမ ၁၁ ကျယ်ဝန်းသည့် ဝိုင်းမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းသာ ပိုင်ဆိုင်သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ ပေါင်နှံထားခြင်း၊ အမွေစားအမွေခံပေးအပ်ခြင်းများ မရှိပါကြောင်းနှင့် အဆိုပါကိစ္စများအား မပြုလုပ်ကြရန် တားမြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဦးခင်မောင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၁၁/၂၀၂၃)**
**ကျည်တောင်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၇၇၆၈၄၄၇၈၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ဥတ္တရသီရိရပ်၊ မြေကွက်အမှတ်(ဥ-၂၁၂၂)၊ ဗိုလ်မှူးချုပ်မြင့်သိန်း(ငြိမ်း) (ဘ)ဦးချမ်းသာ ၁၃/တကန(နိုင်)၀၅၆၅၇၅ အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာချထားပေးသည့် လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဗိုလ်မှူးချုပ်မြင့်သိန်း(ငြိမ်း) (ဘ) ဦးချမ်းသာ ၁၃/တကန(နိုင်)၀၅၆၅၇၅ မှ မြေကွက်နေရာချထားပေးသည့် လက်မှတ်မိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေကွက်နေရာချထားပေးသည့်လက်မှတ် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာချထားပေးသည့် လက်မှတ်မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၂၀)
## တာချီလိတ်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃

ဦးစောထွန်းဦး **နှင့်** ၁။ ဒေါ်ခင်ဌေးမြင့်
၂။ ဦးဝင်းမြိုင်

**တရားလို** **တရားပြိုင်များ**

အမှတ်(၈/၃၄)၊ မြတ်လေးလမ်း၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့နေ ဦးဝင်းမြိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစောထွန်းဦးက ပိုင်ဆိုင်မှုစာချုပ်အပ်နှံခြင်းအတွက် ရရန်ရှိသော ငွေရလိုမှု (သို့မဟုတ်) အပေါင်ပစ္စည်းကို ရောင်းချပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် ) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းနိုင်ထွေး)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ ဇုန်(ဘီ)၊ တိုက်အမှတ် (ဘီ-၅)၊ အခန်းအမှတ်(၃၂၀)၊ တိုက်ခန်းအမျိုးအစား (2-Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၉၃၈) စတုရန်းပေရှိတိုက်ခန်းနှင့်၎င်းတိုက်ခန်းတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်အိဝေဇင်အောင် ၁၄/ဖပန(နိုင်)၁၄၉၁၇၀ တို့ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသီဟဝင်း**
**၁၄/မမန(နိုင်)၁၈၂၄၃၂**
**ဖုန်း-၀၉-၅၃၁၂၄၈၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/6594 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/6874 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/42775 Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးအေးကြူ ၉/မရတ(နိုင်)၀၁၉၅၉၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၅၅၀၄၇ Honda Scoopyi-110 ယာဉ်လက်ဝယ်ရှိသူ Shwe Aung Myaing Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/49354 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Green Garden Palace Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/14495 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Rose KSN Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/63029 Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်မင်းထွန်း ၁၄/မမန(နိုင်)၂၉၈၄၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**ပုသိမ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၉၀၉၉၈ Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းတင့် ၅/ပလဘ(နိုင်)၀၀၆၈၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သူရဦးအောင်ထက်
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၈၉)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) သူရ ဦးအောင်ထက်သည် ၆-၁-၂၀၂၅ရက် (တနင်္လာနေ့) (၁၀:၅၄)နာရီတွင် ၈၉ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ**
**ဒုတိယဝန်ကြီးများနှင့်**
**ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ကျော်မောင်မောင်ကြည် အသက်(၄၃) နှစ်သည် ၈-၁-၂၀၂၅ရက် ည ၇:၃၈နာရီတွင် ၈၆ ပါး သောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသောကြောင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း**
**ခွဲစိတ်ကုသမှုဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ - ၁နှင့်၅)
### ရမည်းသင်းခရိုင်တရားရုံးတော်
### ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၁

ကိုဝေယံကို နှင့် မထက်ထက်ဝိုင်း
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ မန္တလေးတန်း(အရှေ့ရပ်)နေ မထက်ထက်ဝိုင်း(ဘ)ဦးအေးမင်း (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုသည် မဝိုင်းဝတီကို၏ ဖခင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် သမီးဖြစ်သူအား တစ်လလျှင်(၄)ကြိမ် တွေ့ဆုံခွင့်ပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်(၁၃၈၆ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ သူတရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်း ပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးမြင့်)
**ခရိုင်တရားသူကြီး**
**ရမည်းသင်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်နှင့်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ ရွှေလမင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-9မှ မကျိန်ရှင်းဆုန်၏အမည်မှန်မှာ မကျိန်ရှန်းဆုန်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးခုပ်ဇဒါးလ် ၄/တတန(နိုင်)၀၁၃၉၉၈ ဖြစ်ပါကြောင်း။ **မကျိန်ရှန်းဆုန်**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့နယ်၊ ဒါန်းပင်တဲ(ရွာမ)ရွာနေ ဦးသိန်းပို၏သမီး ဒေါ်လွင်လွင်မော် ၅/မရန(နိုင်)၂၄၃၇၁၃၏ နိုင်ငံကူးလက်မှတ် MD-323944 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၄၆၅၀၃၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/57579, Yamaha Ray 110 ယာဉ်လက်ဝယ်ရှိသူ ဦးခရစ်နွန်ထန်း ၅/ကလထ(နိုင်)၁၈၈၆၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး၊ ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/37204, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်ဦး ၅/မရန(နိုင်)၂၁၇၆၉၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လေး
### အငြိမ်းစားကျောင်းအုပ်ဆရာမကြီး(ပခုက္ကူမြို့)
### အသက်(၉၁)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်(၁၁၁၄)၊ အခန်း(၂၂)နေ ဦးအောင်ဝင်းကို(လက်ထောက်အထွေထွေမန်နေဂျာ)နှင့် ဒေါ်ဝါဝါတင်(ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်)တို့၏မိခင်ဖြစ်သူ ဒေါ်ခင်လေး (အငြိမ်းစားကျောင်းအုပ်ဆရာမကြီး)( ပခုက္ကူမြို့)သည် ၉-၁-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**PSC-96 မြန်မာ့စီးပွားရေးဘဏ်**

## ဦးဝင်း(မိုးဟိန်းယိုစုံ)
## အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပန်းပိတောက်လမ်း၊ ခရေပင်ရိပ်မွန်အိမ်ရာ(၃)၊ အမှတ်(၁၈၀)နေ (ဦးမောင်ချမ်း-ဒေါ်ကျင်ယုံ)တို့၏သား၊ ဒေါ်တင်သွယ်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ကျင်ကြူး၊ ဒေါ်စွမ်ကြူး(ရှမ်းမယိုစုံ)တို့၏မောင်သည် ၈-၁-၂၀၂၅ရက် မွန်းလွဲ ၂:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၅ရက် နံနက် ၁၀နာရီတွင် နေအိမ်မှ ကားများထွက်ခွာ၍ ရေဝေးဖူ့ကျန့် တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၂၅ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြားရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၉

ဦးအောင်သန်းဦး နှင့် ၁။ ဦးစိုးခိုင်
၂။ ဒေါ်ဆင့်ဆင့်လွင်
(တရားလို) (တရားပြိုင်များ)

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ စာသင်ကျောင်းလမ်း၊ အိမ်အမှတ်(၃၇၄/၁၁)နေ (၂-တရားပြိုင်) ဒေါ်ဆင့်ဆင့်လွင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်သန်းဦးက တရားလို ဝယ်ယူလက်ရှိထားနေထိုင်လျက်ရှိသော အိမ်မြေ ဥပစာအပေါ် (၂)တရားပြိုင်နှင့် (၁)တရားပြိုင်တို့က ပူးပေါင်းကြံစည်ကာ လိမ်လည်ရယူသွားသော ဒီကရီအား ပယ်ဖျက် ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် (၁၁) ရက်) မွန်းမတည့်မီ (၁၀) နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရသည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရ မည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝေဝေလွင်)
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/2756 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၆၅)၊ မြေညီ(အေ)၊ အကျယ်အဝန်း(၁၆ပေ x ၆၀ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ဦးအောင်ခင်ဇော် ၁၂/တမန(နိုင်)၀၁၉၆၅၂၊ ဒေါ်ယဉ်ယဉ်မြင့် ၁၂/တမန(နိုင်) ၀၀၁၆၈၅နှင့်၊ ဒေါ်ရီချိုဝင်း ၁၂/တမန(နိုင်) ၀၈၀၆၅၃တို့မှ ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၂၀)**
**အမှတ်(၄၈)၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၆၁၂၂၈၃**

## ဒေါ်ကျင်ဟုတ်
## အသက်(၁၀၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(တောင်)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၃၀)နေ (ဦးရိုး-ဒေါ်ငွေစု)တို့၏သမီး၊ မအေးစုမွန်-ကိုအောင်သူထက်တို့၏မိခင်၊ မောင်ခန့်ကိုအောင်(Grade-4) (ပိုင်ကောင်းထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်း)၏အဘွား ဒေါ်ကျင်ဟုတ်သည် ၉-၁-၂၀၂၅ ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂-၂၀၂၅ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် အမည်မှန်

မန္တလေးမြို့၊ မန္တလေးအင်းဝကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 မှ မောင်အောင်ဇင်သန့်နှင့် Grade-5 မှ မထက်သီရိသန့်တို့၏ ဖခင် ဦးတင်နိုင်လှ (၉/မကန(နိုင်)၀၀၀၉၈၉)နှင့် ဦးတင်နိုင်လတ်တို့သည် အမည်များကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပြီး အမည်မှန်မှာ ဦးတင်နိုင်လှဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/က၊ မြေကွက်အမှတ် ၁၄၊ မြေကွက်တည်နေရာအမှတ် (၁၃/က-၁)၊ ပြည်သာယာလမ်း၊ ဇ/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (မသော့)အမည်ပေါက် B မြေအား အမည်ပေါက် မသော့ထံမှ သဃ်န်းကျွန်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၆/၂၀၂၄ (၃၀-၄-၂၀၂၄)၏ စီရင်ချက်နှင့် တရားမဇာရီမှုအမှတ် ၀၃/၂၀၂၄(၄-၆-၂၀၂၄)၏ ထုံးပုံကျအပြီးသတ်အမိန့်တို့အရ တရားရုံးကိုယ်စား၊ ဘီးလစ်မှ ချုပ်ဆိုပေးသည့် အရောင်းအဝယ်စာချုပ်အမှတ် ၁၀၂၀၇/၂၀၂၄ (၁၀-၁၂-၂၀၂၄)ဖြင့် တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ အစိတ်အပိုင်း (Portion)ကို ဝယ်ယူထားသူ ဒေါ်ချိုချိုသက် (၁၂/သဃက(နိုင်)၀၄၇၁၀၅) မှ အရောင်းအဝယ်စာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ တစ်ဖက်သက်မြေတိုင်းနှင့် မြေကွက်ခွဲ လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ အရာခံဗိုလ်တင်အေး (ကိုယ်ပိုင်အမှတ် ၄၃၁၈၀၉) ၁၂/မရက(နိုင်)၀၃၃၇၆၃ (ဘ)ဦးကျင်ပို အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(B)၁၅၀၆ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်သန်းထွေး ၁၂/မဘန(နိုင်)၀၃၆၆၇၂ (ဘ)ဦးသူတော်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ အရာခံဗိုလ် တင်အေး သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက(၁)၊ (G-12)မှ ဦးအောင်ဇော်မိုး ၁၄/မမက(နိုင်)၀၁၁၂၅၄ ၏ သမီးအမည်မှန် မှာ မဇူလိုင်မိုး ၁၄/မမက(နိုင်)၃၅၉၅၃၅ ဖြစ်ပါကြောင်း။

**မဇူလိုင်မိုး**

## မိဘအမည်မှန်

တာချီလိတ်မြို့၊ ဟောင်လိတ် (အထက) Grade-11(A) မှ မပွင့်နဒီကျော်၏ မိဘအမည်မှန်မှာ ဦးတင်ရှိန်နှင့် ဒေါ်နှင်းနွယ်စိုးဖြစ်ပါကြောင်း။

**ဦးတင်ရှိန်-**
**ဒေါ်နှင်းနွယ်စိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၄၁၇၆၅ ယာဉ်လက်ဝယ်ရှိသူ ဦးဘသောင်း ၁၀/ကမရ(နိုင်) ၁၀၄၈၁၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၄၉၀၉၄ ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မင်းမင်း ၁၀/သဖရ(နိုင်) ၀၀၂၂၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၁၁-၂၀၂၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၉)ပါ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 78W/68782 အစား **ယာဉ်အမှတ် 78W/68752** ဟု အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (S-၃၁၄)၊ ဧရိယာ (၀.၂၂၉)ဧကရှိ ဦးထွန်းမြင့် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ချောယယ်ယယ်(ဘ)ဦးလှစိုး ၇/ဖမန(နိုင်)၁၂၄၂၉၇မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၄၈/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်အေးမြသန္တာ (ဘ) ဦးသန်းထွန်း ၇/ဇကန(နိုင်)၀၀၆၅၉၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၄၁) ဧကရှိ ဒေါ်နီနီဝင်း ၁၂/မဂဒ(နိုင်)၀၇၅၅၃၀(ဘ)ဦးဖေကြည် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၁၄၂၆) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၄၈/၂၀၂၃ (၂၃-၈-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးညိုထွန်း ၁၁/ပတန(နိုင်)၀၂၆၂၂၈ (ဘ)ဦးသင်္ချိုကျော်မှ ဒေါ်နီလာမြင့် ၁၂/ပဘတ(နိုင်)၀၂၉၇၈၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

❖ **လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံတာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်...**

❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ကာရာဘောင်ဖလားဆီမီးဖိုင်နယ် ပထမအကျော့တွင် စပါးက လီဗာပူးကို အနိုင်ရ



စပါးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဘာ့ဂ်ဘော သွင်းယူစဉ်။

ကာရာဘောင်ဖလား ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့မှ ဇန်နဝါရီ ၉ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် စပါးနှင့် လီဗာပူးအသင်းပွဲစဉ်တွင် စပါးအသင်းက အကြိတ်အနယ်ကစားပြီး တစ်ဂိုး - ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည့်အတွက် ဗိုလ်လုပွဲတက်လှမ်းနိုင်ရေး အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။

ထို့ပြင် စပါးအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် နောက်ဆုံးလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို ချေဖျက်နိုင်ခဲ့သည်။ ပြိုင်ဘက်လီဗာပူးအသင်းက ယခုပွဲရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ❖

ယနေ့ *သတင်းအညွှန်း*

**ဘိုလီးဗီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၆ ဦး သေဆုံး**

နိုင်ငံတကာသတင်း စာ ၁၄

**စိုက်ပျိုးစွမ်းအား ဆည်တမံများဖြင့် ပြည်ထွန်းကားစေ ဥဿမြေ**



သတင်းဆောင်းပါး စာ ၁၆

## မြန်မာအသင်းယှဉ်ပြိုင်မည့် နီပေါဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲများထွက်ပေါ်

**ရန်ကုန် ဇန်နဝါရီ ၉**

နီပေါဘောလုံးအဖွဲ့ချုပ်သည် ဖေဖော်ဝါရီတွင်ကျင်းပမည့် နီပေါလေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ ပွဲစဉ်များ ထုတ်ပြန်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နီပေါအသင်းအပါအဝင် မြန်မာ၊ လက်ဘနွန်၊ ကာဂျစ္စတန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည် ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၁၇၊ ၂၀၊ ၂၃ ရက်၊ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အမှတ်အများဆုံးရရှိသည့်နှစ်သင်းမှာ ဗိုလ်လုပွဲ ပြန်လည်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲများအဖြစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် မြန်မာအသင်းနှင့် လက်ဘနွန်အသင်း၊ နီပေါအသင်းနှင့် ကာဂျစ္စတန်အသင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်း၊ နီပေါအသင်းနှင့် လက်ဘနွန်အသင်း၊ *စာမျက်နှာ ၁၈ ကော်လံ ၅* ❍

## MFF ဖူဆယ်လိဂ်-၁ ပွဲစဉ် (၄) တွင် MIU အသင်း လေးပွဲဆက်နိုင်ပြီး MH Dream Team နှင့် YRG အသင်း သရေကျ

**ရန်ကုန် ဇန်နဝါရီ ၉**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ် - ၁ ပြိုင်ပွဲ ပွဲစဉ် (၄) ကို ဇန်နဝါရီ ၉ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပပြီး MIU အသင်း လေးပွဲဆက်နိုင်ပြီး MH Dream Team နှင့် YRG အသင်း သရေကျခဲ့သည်။

ရာသီကြိုပြင်ဆင်မှု များစွာပြုလုပ်ထားပြီး လက်ရွေးစင်အဆင့်ကစားသမားများ၊ နိုင်ငံခြားသားကစားသမားများ ခေါ်ယူထားသည့် MH Dream Team အသင်းနှင့် YRG အသင်းတို့ *စာမျက်နှာ ၁၈ ကော်လံ ၁* ❒



MH Dream Team အသင်းနှင့် YRG အသင်း ယှဉ်ပြိုင်နေစဉ်။